ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၂ရက်၊ စနေနေ့၊ (6-8-2005) (၄၆၇၉)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၅

၂၀၀၅ခုနှစ် ဇူလိုင် ၂၆ရက်တွင် ဖြစ်ပွားခဲ့သော ရေကြီးမှုကြောင့် အိန္ဒိယသမ္မတနိုင်ငံ မဟာရဋ္ဌတြားပြည်နယ်၌ လူနှင့်အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေပီဂျေ၊ အဗ္ဗဒူလ် ကလမ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၅

၂၀၀၅ ခုနှစ် ဇူလိုင် ၂၆ရက်တွင် ဖြစ်ပွားခဲ့သော ရေကြီးမှုကြောင့် အိန္ဒိယသမ္မတနိုင်ငံ မဟာရဋ္ဌတြားပြည်နယ်၌ လူနှင့်အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ဘိုင်ရွန်ဆင်း ရှေခါဝပ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အချုပ်အခြာအာဏာ ထိပါးနှောင့်ယှက်လာမှုဟူသမျှကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားများဖြင့် ဆန့်ကျင်တွန်းလှန် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၅

"ပြည်တွင်းပြည်ပအဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"လူထုအစည်းအဝေးကို ဩဂုတ် ၁ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ ဗိုလ်ချုပ်လမ်းရှိ မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

တစ်ခဲနက် တက်ရောက်

အဆိုပါလူထုအစည်းအဝေးသို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ကလေး၊ ကသာ၊ ခန္တီး၊ စစ်ကိုင်း၊ တမူး၊ မုံရွာ၊ မော်လိုက်နှင့် ရွှေဘိုခရိုင်တို့မှ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်ကိုယ်စားလှယ်များ၊ စစ်ကိုင်းတိုင်းအတွင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ မုံရွာပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းတို့မှ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ရပ်မိရပ်ဖများ၊ ပြည်သူများ တစ်ခဲနက် တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၅–၈–၂၀၀၅

မောင်တော	၆ ဒသမ ၀၆ လက်မ
ခန္တီး	၅ ဒသမ ၈၇ လက်မ
ရေး	၅ ဒသမ ၅၅ လက်မ
အမ်း	၄ ဒသမ ၈၄ လက်မ
ထားဝယ်	၃ ဒသမ ၁၉ လက်မ

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

nternet(6) 1 1/2/32, 10:57 PM

ကြေးမုံ The Mirror
၆-၈-၂၀၀၅
(စနေနေ့)

မွေးကင်းစကလေးငယ်များအား ပြုစုစောင့်ရှောက် မိခင်နို့ချိုစနစ်တကျ တိုက်ကျွေးရေးဆောင်ရွက်

မြန်မာမှုနယ်ပယ်တွင် မိခင်နို့ချိုသည် ကလေးငယ်၏ အာဟာရအတွက်သာမက ၅၂၈သွယ်သော မေတ္တာတို့စီးဆင်းရာလမ်းကြောင်းလည်း ဖြစ်ပေသည်။ ကလေးငယ်အတွက် မိခင်ရင်ငွေ့ကိုခိုလှုံပြီး လုံခြုံမှု၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုတို့ကို ရရှိစေသည်။

မိခင်နို့ချိုတိုက်ကျွေးရေးဆိုင်ရာ အဆိုပါ ရှေးရိုးအယူအဆသည် ခေတ်ပေါ်သိပ္ပံနည်းများဖြင့် ဆန်းစစ်ကြည့်သည့်အခါ မှန်ကန်နေကြောင်း တွေ့ရှိလာကြသဖြင့် ယနေ့ကာလတွင် တစ်ကမ္ဘာလုံးရှိ မိခင်များ မိခင်နို့ချိုတိုက်ကျွေးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်လှုပ်ရှားမှုများကို ၁၉၉၂ ခုနှစ်မှစ၍ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာခဲ့ရာ မြန်မာနိုင်ငံလည်း ပါဝင်သည်။

မြန်မာနိုင်ငံတွင် မိခင်နှင့် ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဌာနများသာမက မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း ပူးပေါင်းကူညီပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုကိုခံယူပြီး တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန် စီမံကိန်း၊ စီမံချက်များရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာတွင် မိခင်နို့ စနစ်တကျတိုက်ကျွေးသော စီမံချက်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်း စီမံချက်ကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလမှ စတင်အကောင်အထည်ဖော်ခဲ့ရာ ယခုအချိန်အထိ မိခင်နို့စနစ်တကျတိုက်ကျွေးသော ဆေးရုံပေါင်း ၃၇၉ ရုံနှင့် မိခင်နို့ စနစ်တကျတိုက်ကျွေးသော မြို့နယ်ပေါင်း ၁၃၄ မြို့နယ်တို့ကို အသိအမှတ်ပြုနိုင်ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး အထိမ်းအမှတ် ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံများနှင့် မြို့နယ်များအား အသိအမှတ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ဩဂုတ်လ ၁ ရက်နေ့က သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနား၌ မိခင်နို့ စနစ်တကျ တိုက်ကျွေးသော ဆေးရုံများနှင့် မိခင်နို့ စနစ်တကျ တိုက်ကျွေးသောမြို့နယ်၊ အသိအမှတ်ဂုဏ်ပြုဆုရ မြို့နယ်များအား ဆုများအသီးသီး ချီးမြှင့်ခဲ့ကြသည်။

ကလေးငယ်များအား ပြုစုစောင့်ရှောက်ရာတွင် မိခင်နို့တိုက်ကျွေးရေးသည် မရှိမဖြစ်လိုအပ်သော အခြေခံကိစ္စတစ်ရပ်ပင်ဖြစ်သည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် ကလေးသူငယ်များ၏ ကျန်းမာရေးနှင့် ကြီးထွားဖွံ့ဖြိုးမှုကို များစွာ အထောက်အကူပြုနေသည်။ ထို့ကြောင့် မိခင်များအနေဖြင့် နို့ချိုကိုစနစ်တကျ တိုက်ကျွေးကြရန်လိုအပ်သည်။

မွေးကင်းစအရွယ်မှ အသက်ခြောက်လအထိ ကလေးတစ်ဦးအတွက် လိုအပ်သည့် အာဟာရဓာတ်အားလုံးကို မိခင်နို့ တစ်မျိုးတည်းမှပင် ရရှိနိုင်သည်။ မြန်မာမိခင်များအနေဖြင့် မိမိတို့၏ ရင်သွေးငယ်ကို မိမိရင်မှဖြစ်သည့် နို့ချိုသာတိုက်ကျွေးသည့် အလေ့အထ အစဉ်အလာများကို ရှေးကာလမှသည် ယနေ့အချိန်အထိ ဆက်လက် ကျင့်သုံးလျက်ရှိသည်။

သို့ဖြစ်ရာ မွေးကင်းစကလေးငယ်များ အာဟာရပြည့်ဖြိုး ကျန်းမာစေရေး ပြုစုစောင့်ရှောက်ရာတွင် မိခင်တိုင်းက မိမိတို့၏ရင်သွေးငယ်များအား စနစ်တကျ နို့ချိုတိုက်ကျွေးနိုင်ရေးအတွက် ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာရှင် အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းလက်တွဲဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒေသခံပြည်သူများ၏လိုအပ်ချက်များကို ကူညီဖြည့်ဆည်း ပြည်သူယုံကြည်ကိုးစားမှုရရှိမှ စည်းရုံးရေးအင်အားတိုးတက်မည်

ရန်ကုန် ဩဂုတ် ၅

ချင်းပြည်နယ် ဖလမ်းခရိုင် ဟားခါးမြို့တွင် ရောက်ရှိနေသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှနှင့်အတူ ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီခွဲတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ ပြည်နယ်နှင့်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ချင်းပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက အမှာစကားပြောကြားပြီး ချင်းပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မင်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်နှင့် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များက အသင်း၏ လုပ်ငန်းဆောင်ရွက်ချက် များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ အသင်းသားများသည် ဒေသခံပြည်သူများ၏ လူမှုရေး၊ ပညာရေး လိုအပ်ချက်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများက ယုံကြည်ကိုးစား လေးစားမှုရှိပြီး စည်းရုံးရေး အင်အားကောင်းမွန်တိုးတက်၍ အသင်းဝင်အင်အား စည်ပင်တိုးပွားလာမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက်လည်း ဒေသခံပြည်သူများနှင့်အတူ တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဗဟိုအလုပ်အမှုဆောင်နယ်မြေတာဝန်ခံ၊ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှတို့သည် အခြေခံကွန်ပျူတာသင်တန်း၌အသင်းဝင်ကျောင်းသား၊ ကျောင်းသူများ၏ ကွန်ပျူတာပညာ သင်ယူလေ့ကျင့်နေမှုများကို လည်းကောင်း၊ ဖလမ်းမြို့သို့

ချမ်းမြေ့ရိပ်သာကျောင်း(မှော်ဘီ) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဩဂုတ် ၅

မှော်ဘီမြို့ ချမ်းမြေ့ရိပ်သာကျောင်း၌ ဝါဆိုသင်္ကန်း စုပေါင်းဆက်ကပ်ပွဲကို ၁၃၆၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ ရက်၊ ဩဂုတ် ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ နံနက် ၇ နာရီမှစ၍ ဝါဆိုသင်္ကန်းများ ဆက်ကပ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ (က-ပ)

လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးနေသည့် ငဆစ်ဖား ရေအားလျှပ်စစ်စက်ရုံ၏ ရေသွယ်မြောင်းနှင့် ရေလှောင်ကန်တို့အတွင်း နုန်းဆယ်ခြင်းလုပ်ငန်းဆောင်ရွက်မှုနေရာသို့ လည်းကောင်း သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ငဆစ်ဖား ရေအားလျှပ်စစ်စက်ရုံ၏ ရေသွယ်မြောင်းမှာ အလျားပေ ၈၉၃၀၊ အကျယ်လေးပေနှင့် အမြင့် သုံးပေရှိပြီး ရေလှောင်ကန်မှာ အမြင့် ကိုးပေရှိ၍ ရေဂါလန်နှစ်သိန်းခွဲဆံ့သည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အင်္ဂလိပ်စာမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို ဩဂုတ် ၅ ရက်က ကျင်းပရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက သင်တန်း၌ ထူးချွန်သော သင်တန်းသားတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(ပို့ဆောင်ရေး)

ရန်ကုန်-ပဲခူး-ရန်ကုန် ခရီးစဉ်သစ် စီစဉ်ပေးနေ

ရန်ကုန် ဩဂုတ် ၅

မြန်မာ့ခရီးသွားလုပ်ငန်းဌာနသည် ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ လွယ်ကူစွာခရီးသွားလာနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိရာ အထူးခရီးစဉ်အဖြစ် ရန်ကုန်-ပဲခူး-ရန်ကုန် (၁ည/ ၂ရက်) ခရီးစဉ်သစ်တစ်ခုကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါခရီးစဉ်တွင် ရန်ကုန်မြို့မှ အစုအဖွဲ့အလိုက်ဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ သွားရောက်နိုင်ပြီး အမျိုးသားများအတွက် ပဲခူးမြို့ရှိ ဟံသာဝတီ International Country Golf Club ၌ ဂေါက်သီးရိုက် ကစားနိုင်ရန်နှင့် လိုက်ပါလာသည့် မိသားစုများသည်လည်း ပဲခူးမြို့ရှိ တန်ခိုးကြီး ဘုရားများဖူးမြော်ခြင်း၊ မိုးယွန်းကြီးအင်းတွင် ငှက်မျိုးစုံကြည့်ရှုလေ့လာခြင်း ဆောင်ရွက်နိုင်သည်။ ညပိုင်းတွင် ရွှေဝါထွန်းဟိုတယ်၌ အပန်းဖြေအနားယူရင်း ဖျော်ဖြေမှုကို ခံစားနိုင်သည်။

မြို့တော်ရန်ကုန်မှ ခရီးအကွာအဝေး အနီးဆုံးဖြစ်သည့် ပဲခူးမြို့သို့ မိသားစု အလိုက် သွားရောက်နိုင်မည့် ခရီးစဉ်ကို ဆောင်ရွက်ပေးနေပြီဖြစ်ရာ အသေးစိတ်သိလိုပါက မြန်မာ့ခရီးသွား လုပ်ငန်းဌာန အမှတ်(၇၇-၉၁) ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း- ၂၅၂၈၅၉၊ ၃၈၇၀၀၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

မေတ္တာသုတ်တော် ကျင့်စဉ်သင်တန်း

ရန်ကုန် ဩဂုတ် ၅

ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာဗျူဟာအသင်းချုပ် ဖုန်း- ၃၇၀၉၅၈ တွင် မင်္ဂလာဗျူဟာ မေတ္တာသုတ်တော် ကျင့်စဉ်သင်တန်းကို ဩဂုတ် ၁၅ ရက် (တနင်္လာနေ့)မှ ဩဂုတ် ၁၉ ရက်အထိ နံနက် ၇ နာရီမှ နံနက် ၉ နာရီအတွင်း သဒ္ဒမ္မဇောတိကဓဇ ဒေါက်တာတင်သိန်းလွင်နှင့် လယ်တီဆရာသက်ကြီးနည်း-တရားပြဆရာ ဦးတင်မြင့်တို့က ဓမ္မဒါနသင်ကြားပေးမည်ဖြစ်ရာ မည်သူမဆို ကုသိုလ်ပြု တက်ရောက်နိုင်သည်ဟု သိရသည်။ (၂၃)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၈-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **မိုးကုတ်ဆရာတော်ကြီး၏ တရားတော် - အကာကိုပယ်၍အနှစ်ကိုရှာရန်**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- **၄:၃၀** ၄။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၄၅** ၅။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၆။ **အဝေးသင်တက္ကသိုလ်ပညာရေး ပို့ချမှု အစီအစဉ် -မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၏ အရင်းအမြစ်များ -(ဒုတိယနှစ်-ဥပဒေပညာ)**
- **၅:၃၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၀** ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၅၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်စစ်တို့ရဲ့သစ္စာနယ်မြေ" (အပိုင်း-၉)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ **အရှင်ဇနကာဘိဝံသ၏ထေရုပ္ပတ္တိ - မဟာဂန္ဓာရုံမှာ ဆရာ ဒကာ ညီညွတ်စွာ**
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း"(အပိုင်း-၁၆)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

✻ ကျောဖုံးမှ

လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ တက်ရောက်လာကြသော ရော်ဘာခြံရှင်များက ရော်ဘာစိုက်ပျိုးရေးတွင် တွေ့ကြုံရသည့်အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပဲခူးတိုင်းတွင် ရော်ဘာစိုက်ဧက တစ်သိန်းပြည့်မီစေရန်၊ သုံးနှစ်အတွင်း စိုက်ဧကခြောက်သောင်းကျော် တိုးချဲ့စိုက်ပျိုးရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနအနေဖြင့် ရော်ဘာတိုးချဲ့စိုက်ပျိုးရေးကို အပြည့်အဝစွမ်းဆောင်နိုင်ရန် ဦးတည်ချက်ထားရှိပြီး မျိုးကောင်းမျိုးသန့်များကို သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးရန်လိုကြောင်း၊ ခြံပိုင်ရှင်များ၊ ရော်ဘာစိုက်တောင်သူများ၊ တပ်ရင်းတပ်ဖွဲ့များကိုလည်း နည်းပညာပေးဆောင်ရွက်ရန်လိုကြောင်း၊ ရော်ဘာသည် ပြည်တွင်းသာမက ပြည်ပ၌ပါ ဈေးကွက်ရှိပြီး ဈေးကောင်းရသည့် နှစ်ရှည်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကများအား လွတ်လပ်စွာစိုက်ပျိုးလုပ်ကိုင် ရောင်းချခွင့်ပေးထားပြီး ပံ့ပိုးကူညီမှုများလည်းပေးလျက်ရှိကြောင်း၊ ရော်ဘာခြံလုပ်ငန်းရှင်များအနေဖြင့်လည်း ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်ကြပြီး ပဲခူးတိုင်းအတွင်း ရော်ဘာစိုက်ပျိုးရေးစီမံချက်အောင်မြင်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

လျာထားဆောင်ရွက်နေ

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အင်းတကော်သုတေသနနှင့် မျိုးပွားခြံသည် ရော်ဘာစိုက် တောင်သူများအတွက် အထွက်ကောင်း ရော်ဘာဖူးဆက်ပျိုးပင်များနှင့် မျိုးသန့်ပျိုးပင်များကို လျာထားချက်ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ပေးလျက်ရှိရာ ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း ရော်ဘာဖူးဆက်ပင် တစ်သိန်းနှင့် ရော်ဘာမျိုးသန့်ပျိုးပင် ငါးသောင်း ထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အင်းတကော် သုတေသနနှင့် မျိုးပွားခြံအတွင်းရှိ လက်ခံပင်ရော်ဘာပျိုးခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ညှိနှိုင်းစီမံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြန်မာ-တရုတ်ချစ်ကြည်ရေး ရော်ဘာပျိုးခင်းလုပ်ငန်းရှိ လက်ခံပင်ရော်ဘာပျိုးခင်းများကိုလည်းကောင်း၊ ကိုင်းကူးဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းတွင် ရော်ဘာစိုက်ဧက တစ်သိန်းပြည့်မီစေရန် သုံးနှစ်အတွင်း စိုက်ဧက ခြောက်သောင်းကျော်တိုးချဲ့စိုက်ပျိုးရန် စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိရာ ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း ရော်ဘာစိုက်ဧက၅၀၀၀စိုက်ပျိုးရန် လျာထားရာ ယခုစိုက်ဧက ၂၀၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် လျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် ဆက်လက်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ပဲခူးမြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားများကျင်းပ

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်း ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စပယ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် ပြိုင်ပွဲများဖြစ်သည့် **"နို့ချိုတိုက်ကာ မိသားစုအစာ၊ ရင်သွေးကျန်းမာ ချစ်ကြင်နာ"** ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများ၊ မိခင်နို့တစ်မျိုးတည်းသာ စနစ်တကျတိုက်ကျွေးသည့် လက်ရှိ ရင်ခွင်ပိုက် သားငယ်ရှိ သားကောင်းမိခင်များနှင့် မိခင်နို့တစ်မျိုးတည်းသာ သားသမီးများအား စနစ်တကျ စဉ်ဆက်မပြတ် တိုက်ကျွေးပြုစုယုယခဲ့သည့် သားကောင်းမိခင်များအား တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူတို့က ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ဟောပြောဆွေးနွေး

ထို့နောက် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေးနှင့်ပတ်သက်၍ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော်က မိခင်နို့တိုက်ကျွေးခြင်းနှင့် ကလေးများ၏ ကျန်းမာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာစောဥမ္မာက မိခင်နို့တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ရွှေပြည်သာ

အလားတူ **"မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှု"** အခမ်းအနားကို နံနက် ၉နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ရွှေပြည်သာစက်မှုဇုန်ရှိ ကနောင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက်အမှာစကားပြောကြားပြီး မိခင်နို့ စနစ်တကျ

ရန်ကုန်တိုင်း ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာစက်မှုဇုန်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ကလေးငယ်တစ်ဦးအား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)

စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်မြို့ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D) ဆရာတော် အမှူးပြုသော တိုက်အုပ်၊ တိုက်ကြပ်၊ နာယက၊ စာချ၊ စာသင်သံဃာတော်အပါး ၃၅၀ကျော်နှင့် ပင့်သံဃာတော်များအား နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၁၃၆၇ခုနှစ် ဝါခေါင်လဆန်း ၁၀ရက် ဩဂုတ် ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် သီရိမင်္ဂလာအနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကြွရောက် ကြည်ညိုနိုင်ကြောင်း သာသနာရေးဦးစီးဌာနက သတင်းရရှိသည်။ (သတင်းစဉ်)

စံချိန်စံညွှန်းညီညွတ်စွာ တိုက်ကျွေးနိုင်သည့် ခရိုင်အဆင့် နို့တိုက်မိခင်စွမ်းဆောင်ရည်ပြိုင်ပွဲတွင် ပထမဆုရ အင်းစိန်မြို့နယ်မှ မနော်တာပလု၊ ဒုတိယဆုရ မင်္ဂလာဒုံမြို့နယ်မှ မရီရီသိန်း၊ တတိယဆုရ ထန်းတပင်မြို့နယ်မှ မသင်းသင်းထွေးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၅

၂၀၀၅ ခုနှစ် ဇူလိုင် ၂၆ရက်တွင် ဖြစ်ပွားခဲ့သော ရေကြီးမှုကြောင့် အိန္ဒိယသမ္မတနိုင်ငံ မဟာရာရှ်တြားပြည်နယ်၌ လူနှင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကေ၊နတ်ဝါဆင်းထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

သုံး မျိုး စုံ Triathlonပြိုင်ပွဲ၌ ပထမဆု ရရှိသွားသော ချစ်ဦး (ဧရာဝတီတိုင်း) ပန်းဝင်လာစဉ်။ (ကြေးမုံ)

✥ သုံးမျိုးစုံမှ

ခင်မြင့်(ဧရာဝတီတိုင်း)က ၂နာရီ ၂၆မိနစ် ၄၇စက္ကန့်ဖြင့် ပဉ္စမ၊ စန်းထွန်း (ရန်ကုန်တိုင်းစစ်ဌာနချုပ်)က ၂နာရီ ၃၂မိနစ် ၀၈ဒသမ ၁စက္ကန့်ဖြင့် ဆဋ္ဌမ၊ ကျော်မျိုးလှိုင် (မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်)က ၂နာရီ ၃၂မိနစ် ၃၃ဒသမ ၅စက္ကန့်ဖြင့် သတ္တမ၊ ဝင်းနိုင်သာ (မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်)က ၂နာရီ ၃၂မိနစ် ၃၅ဒသမ ၂စက္ကန့်ဖြင့် အဋ္ဌမ၊ ကိုကိုနိုင် (အား/ကာသိပ္ပံ)က ၂နာရီ ၃၃မိနစ် ဝ၃ဒသမ ၃စက္ကန့်ဖြင့် နဝမ၊ မြင့်အေး (မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်)က ၂နာရီ ၃၃မိနစ် ၂၅ဒသမ ၄စက္ကန့်ဖြင့် ဒသမ အသီးသီးရရှိကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ကရဝိက်နန်းတော်၊ ဥတ္တရဆောင်တွင် ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ပထမမှ ဒသမအထိ ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပန်းဝင်ကြသော အားကစားသမားများအား ဆုကြေး ကျပ်တစ်သောင်းစီ ချီးမြှင့်သည်။

ယခုပြိုင်ပွဲတွင် ဆုကြေးအဖြစ် ပထမကျပ် ၁၀သိန်း၊ ဒုတိယကျပ် ခုနစ်သိန်း၊ တတိယကျပ် ငါးသိန်း၊ စတုတ္ထကျပ်သုံးသိန်း၊ ပဉ္စမကျပ် နှစ်သိန်းနှင့် ဆဋ္ဌမမှ ဒသမအထိ ကျပ်တစ်သိန်းစီ ချီးမြှင့်သည်။

ပဏာမ လက်ရွေးစင်

ပြိုင်ပွဲတွင် ပထမမှ ဒသမအထိ ဆုရရှိကြသော အားကစားသမား ၁၀ဦးအား (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်များအဖြစ် ရွေးချယ်လိုက်ပြီဖြစ်ပြီး ဩဂုတ် ၉ရက်မှစ၍ စခန်းဝင်လေ့ကျင့်ကြရမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

❍ အာဆီယံ ယူ-၂၀ မှ

ဒုတိယပိုင်းသုံးမိနစ်တွင် အောင်မြင့်အေးက ဒုတိယဂိုးကိုလည်းကောင်း၊ ဒုတိယပိုင်းမိနစ် ၄၀တွင် လှအေးထွေးက တတိယဂိုးကိုလည်းကောင်း အသီးသီးသွင်းယူနိုင်ခဲ့သည်။

ဩဂုတ် ၉ရက်တွင် မြန်မာလူငယ်အသင်းနှင့် ထိုင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဒေါ်အေးမြင့်အားရည်စူး၍ အမှတ်(၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဦးအေးဝင်းနှင့် သားသမီးမြေးများက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအတွက် ထာဝရဆေး ပဒေသာပင်ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံရယူစဉ်။ (က-ပ)

အင်းစိန်မြို့ ပေါက်တောရပ်ကွက် သံဒင်းစုလမ်းနေ ဗိုလ်မှူးမောင်မောင်တင့်-ဒေါ်အေးအေးတို့က အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ ကွက်သစ်ရပ်ကွက် မာလာရာမ ဘုန်းတော်ကြီး ကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းနာယက ဦးလှကြီးက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

အီရတ်စစ်ပွဲကို ဩစတြေးလျ အာရုံစိုက်နေမှုကြောင့် အကြမ်းဖက်နှိမ်နင်းရေးတွင်အားနည်းခဲ့

ကင်ဘာရာ ဩဂုတ် ၄

အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်မှုကို အာရုံစိုက်နေရ၍ ဩစတြေးလျနိုင်ငံအား လွယ်လွယ်ဖြင့် အကြမ်းဖက်တိုက်ခိုက်မည့်အန္တရာယ်ရှိနေသည်ဟု သုံးပုံနှစ်ပုံသော ဩစတြေးလျနိုင်ငံသားတို့က ယုံကြည်ကြပြီး ယင်းတိုက်ခိုက်မှုကို ကာကွယ်ရေးအတွက် စိတ်အားထက်သန်လျက်ရှိကြောင်း နောက်ဆုံးကောက်ယူသော လူထုသဘောထား စစ်တမ်းတစ်ခုအရ သိရသည်။

၁ ရာခိုင်နှုန်းသော နိုင်ငံသားတို့ကသာအီရတ်စစ်ပွဲကြောင့်ဩစတြေးလျနိုင်ငံ ပိုမိုလုံခြုံလာပြီဟု တုံ့ပြန်ပြောကြားကြသည်ဟု ဩစတြေးလျ ထိပ်တန်းသတင်းစာတစ်စောင်ဖြစ်သည့် ဆစ်ဒနီမောနင်းဟာရယ်က ကောက်ယူပြီး ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သော လူထုသဘောထားစစ်တမ်းက ဖော်ပြသည်။

၇၈ ရာခိုင်နှုန်းသော ဩစတြေးလျနိုင်ငံသားတို့က အကြမ်းဖက်သမားဟု သင်္ကာမကင်းဖြစ်သူများအား ဌာနေနိုင်ငံသို့ ပြန်ပို့ရေးကိစ္စကို ထောက်ခံလျက်ရှိကြစဉ် ၈၇ ရာခိုင်နှုန်းသော နိုင်ငံသားတို့က ပြည်သူလူထုသွားလာလှုပ်ရှားရာနေရာများတွင် လုံခြုံရေးကင်မရာအများအပြားထားရှိရန်လိုလားနေကြသည်။

၄၀ ရာနှုန်း

အပြစ်မဲ့သူတစ်ဦးလန်ဒန်ရဲတပ်ဖွဲ့၏ ပစ်သတ်မှုကို မကြာမီက ခံခဲ့ရသည်။ ထိုကိစ္စဖြစ်ပွားခဲ့သော်ငြားလည်း ၄၀ ရာခိုင်နှုန်းသော ဩစတြေးလျနိုင်ငံသားတို့က ရဲတပ်ဖွဲ့အား ပစ်သတ်ခွင့်အခွင့်အာဏာများပေးရန် ထောက်ခံကြသည်ဟု အေစီနီယယ်ဆန်က ရက်သတ္တပတ်ရက်အားရက်က ကောက်ယူသည့်လူထုသဘောထားစစ်တမ်းအရသိရသည်။

ထောက်ခံ

၃၀ ရာခိုင်နှုန်းသော နိုင်ငံသားတို့ကမူ ဩစတြေးလျအစိုးရအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုအား ချေမှုန်းနေသည့် အစိုးရ၏ ရပ်တည်ချက်ကို ထောက်ခံကြပြီး အီရတ်စစ်ပွဲကြောင့် ဩစတြေးလျအတွက် ထူးခြားမှုမရှိကြောင်း အဘယ်ကြောင့်ဆိုသော် ဩစတြေးလျနိုင်ငံသည်ပစ်မှတ် ဖြစ်နေသောကြောင့်ပင်ဖြစ်သည်ဟု တုံ့ပြန်ပြောကြားကြသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဟာဒီသာမြို့အနီးတွင် ကန်တပ်ဖွဲ့၏ ယာဉ်တစ်စီး လမ်းဘေးဗုံးထိမှန်၍ ပျက်စီးသွားသော နေရာအား ဩဂုတ် ၄ ရက်က မရိန်းတပ်ဖွဲ့ဝင်များ စစ်ဆေးကြည့်ရှုနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အပူပိုင်းဒေသမုန်တိုင်းနှင့် ဟာရီကိန်းမုန်တိုင်း ကျမည်ခန့်မှန်း မက္ကဆီကိုပင်လယ်ကွေ့နှင့်ကန်ကမ်းခြေ အသင့်ရှိရန်သတိပေး

ဝါရှင်တန် ဩဂုတ် ၄

ယခုနှစ်တွင် အမေရိကန်အရှေ့ဘက်ကမ်းခြေဒေသနှင့် မက္ကဆီကိုပင်လယ်ကွေ့ဒေသများ၌ အပူပိုင်းဒေသမုန်တိုင်းများနှင့် ဟာရီကိန်းမုန်တိုင်းများ ပိုမိုကျရောက်လာစရာရှိကြောင်း အမေရိကန် မိုးလေဝသဌာနက ဩဂုတ် ၂ရက်တွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်။

၂၁ ကြိမ်ကျရောက်

အတ္တလန္တိတ်မုန်တိုင်းရာသီသည် ဇွန် ၁ရက်မှစတင်ပြီး နိုဝင်ဘာ ၃၀ ရက်တွင်ကုန်ဆုံးသည်။ ယခုနှစ် မုန်တိုင်းရာသီအတွင်း အပူပိုင်းမုန်တိုင်း ၂၁ ကြိမ် ကျရောက်မည်ဖြစ်ပြီး ထိုအရေအတွက်အနက် မုန်တိုင်း ၁၁ ခုမှာ ဟာရီကိန်းမုန်တိုင်းအဆင့်သို့ကူးပြောင်းသွားနိုင်စရာရှိကြောင်း အမေရိကန် မိုးလေဝသဌာနမှ ညွှန်ကြားရေးမှူး ဒေးဗစ်အယ်လ်ဂျွန်ဆင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မက္ကဆီကို ပင်လယ်ကွေ့ဒေသတွင် ၁၉၃၃ခုနှစ်ကလည်း ယခုနှစ်မုန်တိုင်းရာသီခန့်မှန်းချက်တွင် ဖော်ပြထားသည့်အတိုင်း မုန်တိုင်းစုစုပေါင်းအရေအတွက် ၂၁ ခုအထိ ကျရောက်ခဲ့ဖူးကြောင်း မှတ်တမ်းများအရ သိရသည်။

ရောက်ရှိ

အဆိုပါဒေသအတွင်း ယခုနှစ်မုန်တိုင်းရာသီစောစောပိုင်းကာလမှ ယနေ့အချိန်အထိမုန်တိုင်း ခုနစ်ခု ကျရောက်ခဲ့သည့်အနက် မုန်တိုင်းနှစ်ခုမှာ ဟာရီကိန်းမုန်တိုင်းအဆင့်အထိ ရောက်ရှိခဲ့သည်။

နှိုးဆော်

မုန်တိုင်းကျရောက်လေ့ရှိသောဒေသတွင် နေထိုင်သူများအနေဖြင့် ကျရောက်လာမည့် အန္တရာယ်ကိုကြိုတင်ကာကွယ်ရန် ပြင်ဆင်မှုများ ပြုလုပ်ထားကြရန် ဂျွန်ဆင်က နှိုးဆော်ခဲ့သည်။ ဇူလိုင်လအတွင်းက အမေရိကန် ကမ်းခြေကို လေတိုက်နှုန်းတစ်နာရီလျှင် ၁၉၂ကီလိုမီတာအထိ ပြင်းထန်သော ဒင်းနစ်ဟာရီကိန်းမုန်တိုင်းကျခဲ့သဖြင့် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ငါးဘီလီယံဖိုးဆုံးရှုံးခဲ့ကြောင်းသိရသည်။ ကမ္ဘာ ကြီးပူနွေးလာမှုကြောင့် ၁၉၉၅ ခုနှစ်ခန့်မှစ၍ မုန်တိုင်းများပိုမိုများပြားလာခြင်းဖြစ်သည်ဟု ပညာရှင်များက ယူဆထားကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရိုမေးနီးယားတွင် အပူလှိုင်းကျရောက်၊ လူ ၅၆ ဦးသေဆုံး

ဘူခါရက် ဩဂုတ် ၄

ရိုမေးနီးယားနိုင်ငံတွင် ပြီးခဲ့သောရက်သတ္တပတ်က အပူလှိုင်း ကျရောက်ခြင်းကြောင့် လူ ၅၆ ဦး သေဆုံးခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင်ထုတ်ပြန်ကြေညာသည်။

ထိုအပူလှိုင်း ကျရောက်ချိန်တွင် အပူချိန်သည် ၃၆ ဒီဂရီဆဲလ်စီးရပ်စ်အထိရောက်ရှိခဲ့ပြီး ထိုအပူဒဏ်ကြောင့် လူ ၁၀၀၀ ဆေးရုံတက်ခဲ့ရသည်ဟု အဆိုပါ ကျန်းမာရေးဌာနက ဖော်ပြခဲ့သည်။

အပူလှိုင်းကျရောက်မှုကြောင့်သေဆုံးသူများတွင် နေထိုင်မကောင်းသူများ၊ နှလုံးရောဂါဝေဒနာရှင်များ သို့မဟုတ် အာရုံကြောပိုင်းဆိုင်ရာ ဝေဒနာများရှိသူများပါဝင်သည်ဟု ထိုဌာနက ပြောကြားသည်။

အကြံပေး

အပူလှိုင်း ကျရောက်မှုကြောင့် လူနာတင်ယာဉ် ခေါ်ဆိုသူပေါင်းသည် ယမန်နှစ်အလားတူ ကာလကထက် ၅၀ ရာခိုင်နှုန်းကျော်ပိုမိုများပြားသည်ဟု အရေးပေါ်ဌာနက ပြောကြားသည်။ အပူလှိုင်းကျရောက်ချိန်တွင် ပြည်သူများကို အိမ်များအတွင်း၌ နေထိုင်ကြရန်နှင့် အပူကြောင့် ခန္ဓာကိုယ်ရေခန်းခြောက်မှုကိုကာကွယ်ရန်ရေများများသောက်သုံးကြရန် ဆရာဝန်များက အကြံပေးထားသည်။

ယခုရက်သတ္တပတ် နောက်ဆုံးရက်တွင် မိုးရွာသွန်းလာစရာ ရှိကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အစ္စတန်ဘူလ်မြို့တွင် ပေါက်ကွဲမှု ဖြစ်ပွား နှစ်ဦးသေဆုံး၊ ငါးဦးထက်မနည်းဒဏ်ရာရ

အစ္စတန်ဘူလ် ဩဂုတ် ၄

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ဗုဒ္ဓဟူးနေ့ နှောင်းပိုင်းကာလက ပေါက်ကွဲမှု တစ်ခုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ပြီး ငါးဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စီအင်အင်ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

တူရကီနိုင်ငံတွင် အကြီးဆုံးဖြစ်သည့် အစ္စတန်ဘူလ်မြို့မှ ပင်ဒစ်ခရိုင်အတွင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု အဆိုပါ ရုပ်မြင်သံကြားဌာနက ဆိုသည်။ အင်တီဗွီရုပ်မြင်သံကြားအစီအစဉ်က အနီးအပါးရှိ အမှိုက်ပုံမှ ပေါက်ကွဲခြင်းဖြစ်သည်ဟု ပြောကြားသည်။ ရဲတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်အပျက်အစီးကြားပိုက်စိပ်တိုက်ရှာဖွေနေကြပုံနှင့် လူနာတင်ကားမှ ဝန်ထမ်းများက ဒဏ်ရာရသူများအား အကူအညီပေးနေပုံတို့ကို ရုပ်မြင်သံကြားအစီအစဉ်တွင် ထုတ်လွှင့်ပြသသွားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက တစ်အိမ်တက်ဆင်း ရှာဖွေနေသည်ကို ဩဂုတ် ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်အနောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ သတင်းထောက်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံ အနောက်ပိုင်းဒေသ၌ ကားဗုံးဖောက်ခွဲမှု ဖြစ်ပွားရာတွင် အမေရိကန်စစ်တပ်နှင့်အတူ လိုက်ပါလာသည့် အာမီတိုင်းမ်သတင်းစာမှ သတင်းထောက်တစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်းဖြင့် အမေရိကန် စစ်ဘက်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ကားဗုံးဖောက်ခွဲမှုသည် ဆီးရီးယားနယ်စပ်အနီးတွင် ည၇နာရီခန့်က ဖြစ်ပွားခဲ့ပြီး အဆိုပါသတင်းထောက် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီးလင်ပတ်က ပြောကြားသည်။

၎င်းသတင်းထောက် ရရှိခဲ့သည့် ဒဏ်ရာနှင့်စပ်လျဉ်း၍ လင်ပတ်က အသေးစိတ်ပြောကြားခြင်း မရှိပေ။ တပ်ဖွဲ့ဝင်များကိုမူ သတင်းထောက် ဒဏ်ရာအနည်းငယ်ရရှိသွားသည်ဟု လင်ပတ်က ပြောကြားသည်။ ***အင်တာနက်။***

အမျိုးသမီးတစ်ဦးကို သတ်ဖြတ်မှုဖြင့် ကန်စစ်ပြန်တစ်ဦး အဖမ်းခံရ

လာ့စ်ဗီးဂတ်စ် ဩဂုတ် ၄

ချေမှုန်းရေးရိုင်ဖယ်သေနတ်တစ်လက်ကိုင်ထားသည့် အီရတ်မှ ပြန်လာသော အမေရိကန်စစ်ပြန်တစ်ဦးသည် ဘီယာဝယ်ရန်အလာ လာ့စ်ဗီးဂတ်စ်မြို့ရှိ လမ်းမြောင်တစ်ခုအတွင်း အမျိုးသမီးတစ်ဦးအားသတ်ဖြတ်ပြီး အမျိုးသားတစ်ဦးအား ထိခိုက်ဒဏ်ရာရရှိစေခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အမေရိကန်ကြည်းတပ်မှ တပ်ဖွဲ့ဝင်မက်သယူးဆက်ပီကင်ရင်းချောင်းမြောင်း ပစ်ခတ်ခံရကြောင်း ပြောကြားသည်။ သို့ရာတွင် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် တနင်္ဂနွေနေ့ စောစောပိုင်းက ဖြစ်ပွားသည့် ပစ်ခတ်မှုနှင့် ပတ်သက်၍ တိကျသောအခြေအနေများကို ဆုံးဖြတ်နိုင်ခြင်းမရှိသေးပေ။ ဆက်ပီကင်ရင်းသည် စစ်တပ်အတွင်းတွင် ချောင်းမြောင်းအတိုက်ခံရပါက ပစ်မှတ်ထိအောင်ပစ်ခတ်ရမည်၊ ဆုတ်ခွာရမည်ဟု သင်တန်းတွင် သင်ကြားခဲ့ရသည်ဟု ပြောကြားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အသက် (၄၇) နှစ်ရှိ ရွှန်းဂျက်ဆင်နှင့် အသက် (၂၆) နှစ်ရှိ ကီဗင်ရက်ကလစ်ဖ်တို့ ဒဏ်ရာရရှိခဲ့ကြောင်း၊ သို့ရာတွင် သက်သာလာဖွယ်ရှိသည်ဟု အာဏာပိုင်များက ပြောကြားသည်။ ရဲတပ်ဖွဲ့က ကိုးမီလီမီတာပစ္စတိုသေနတ်နှင့် ကျည်ဘူး သုံးဘူးလမ်းတွင် တွေ့ရှိကြောင်းဖော်ပြသည်။

ဆက်ပီက ဘီယာသွားဝယ်ရာတွင် ချေမှုန်းရေးရိုင်ဖယ်တစ်လက်ယူဆောင်သွားခဲ့ကြောင်း၊ မိမိလာသည့်လမ်းတွင် တစ်စုံတစ်ယောက်က ဓားမြှောင်ဖြင့် ခြိမ်းခြောက်ခဲ့သည်ဟု ရဲအားပြောကြားခဲ့သည်။

ဆက်ပီ၏ မိခင်ဖြစ်သူ နိုရာဆက်ပီက ၎င်း၏သားသည် ဖို့တ်ဝုဒ်အခြေစိုက် အမှတ် (၄) ခြေလျင် တပ်မတွင် အမှုထမ်းသူတစ်ဦးဖြစ်သည်ဟု ပြောကြားသည်။ ***အင်တာနက်။***

စက်မှုလုပ်ငန်းများမြှင့်တင်ရေး မလေးရှားတွင် စည်းဝေး စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဖော်ထုတ်သုံးသပ်

ကွာလာလမ်ပူ ဩဂုတ် ၃

အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (အက်စ်အမ်အီးအက်စ်) လုပ်ကိုင်မှုဆိုင်ရာ အတွေ့အကြုံနှင့် သတင်းဖလှယ်ရေး အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရေးအတွက် ဆွေးနွေးပွဲတစ်ရပ်ကို မလေးရှားနိုင်ငံတွင် လက်ခံကျင်းပလျက်ရှိသည်။

အငယ်စားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ အစည်းအဝေးတွင် ပါဝင်တက်ရောက်ကြသော လုပ်ငန်းရှင်များ၊ သုတေသီများ၊ ငွေကြေးစိုက်ထုတ်ထောက်ပံ့သော ဝန်ဆောင်မှုပေးသူများနှင့် သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများအနေဖြင့် ယခုအစည်းအဝေးမှ အတွေ့အကြုံများ ဖလှယ်ခြင်း၊ အကောင်းဆုံး လုပ်ကိုင်နိုင်မည့်နည်းလမ်းများဖော်ထုတ်ခြင်း၊ ဈေးကွက်နှင့် လုပ်ငန်းဆိုင်ရာ အလားအလာများကို တွက်ချက်ခန့်မှန်းခြင်း၊ အနာဂတ်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဖော်ထုတ်သုံးသပ်ခြင်းများ ပြုလုပ်နိုင်ခွင့်ရကြမည်ဖြစ်သည်ဟု မလေးရှား ဒုတိယဝန်ကြီးချုပ် နာဂျစ်တွန်ရာဇတ်က အစည်းအဝေးဖွင့်ပွဲတွင် ပြောကြားသည်။

အထောက်အကူ

စက်မှုလုပ်ငန်းရှင် အသင်းများ၊ သုတေသီများ၊ ကုန်သည်ကြီးများ အသင်းများနှင့် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ကြခြင်းဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အထောက်အကူရစေမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

မလေးရှားနိုင်ငံတွင် အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (အက်စ်အမ်အီးအက်စ်)များဆိုင်ရာ ဘဏ်ကို မကြာမီကာလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။ ထိုဘဏ်သည် အက်စ်အမ်အီးအက်စ်များအတွက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားလုပ်ငန်းများကိုလည်း ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အခြားလုပ်ငန်းများဟုဆိုရာတွင် အက်စ်အမ်အီးအက်စ်များအတွက် စီးပွားရေးအရ လုပ်ငန်းများကို စိစစ် လေ့လာပေးခြင်း၊ သုံးသပ်ပေးခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုလိုခြင်းဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ ဒေသအများအပြားနှင့် နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်တို့မှ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ နီးပါးတက်ရောက်ခဲ့ကြသည်။ ယခုအစည်းအဝေးကျင်းပရာတွင် ကမ္ဘာ့စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ရေး အက်စ်အမ်အီးအက်စ် ကွန်ရက်ထူထောင်ပေးဟူသော ခေါင်းစဉ်ဖြင့် စည်းဝေးခဲ့ခြင်းဖြစ်သည်။ နှစ်ရက်ကြာ ကျင်းပမည့် ယခုအစည်းအဝေးကို မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက တာဝန်ယူစီစဉ်ကျင်းပခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်သမ္မတသစ် ကျမ်းသစ္စာကျိန်ဆို

တီဟီရန် ဩဂုတ် ၄

အီရန်သမ္မတသစ်အဖြစ် မာမွတ် အာမက်ဒိန်ရတ်က ဗုဒ္ဓဟူးနေ့တွင် ကျမ်းသစ္စာကျိန်ဆိုသည်။

အသက် (၄၈)နှစ်အရွယ်ရှိ ကွန်ဆာဗေးတစ်ဝါဒီတစ်ဦးဖြစ်သူ အာမက်ဒိန်ရတ်သည် မြို့တော်ဝန်ဟောင်းဖြစ်ပြီး ဇွန်လက ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အောင်ပွဲခံခဲ့သည်။ အာမက်ဒိန်ရတ်အား အီရန်နိုင်ငံ၏ ခေါင်းဆောင်ချုပ် အယာတိုလာ အလီခါမေနီက သမ္မတအဖြစ် ခန့်အပ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဗီယက်နမ် ကျန်းမာရေးဝန်ထမ်းများက မွေးမြူရေးငှက်များအား ကာကွယ်ဆေးထိုးပေးနေသည်ကို ဩဂုတ် ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အသည်းရောင်ရောဂါစီပိုး ကမ္ဘာအနှံ့အပြားတွင် ဖြစ်ပွား ဘင်္ဂလားဒေ့ရှ်တွင် ရောဂါဝေဒနာခံစားနေရသူ လေးသန်းရှိ

ဒါကာ ဩဂုတ် ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူဦးရေလေးသန်း (သို့မဟုတ်) ၎င်းနိုင်ငံ လူဦးရေ၏သုံးရာခိုင်နှုန်းခန့်သည် အသည်းရောင် ရောဂါစီပိုး (အိပ်ချ်စီဗွီ) ကူးစက်သည့်ဝေဒနာများ ခံစားနေရသည်ဟု နယူးအိပ်ချ်သတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။

ကမ္ဘာတစ်ဝန်းတွင် အဆိုပါ အိပ်ချ်စီဗွီရောဂါ ခံစားနေရသူဦးရေသည် သန်း ၁၇၀ ကျော်ရှိကြောင်း၊ ဝေဒနာရှင်များမှာ အိန္ဒိယမှ သန်း ၃၀၊ အီဂျစ်မှ ၁၄ သန်း၊ ပါကစ္စတန်မှ ၁၁ သန်းနှင့် အမေရိကန်မှ လေးသန်းရှိကြောင်း ကျန်းမာရေးနှင့် မိသားစုဘဝ ဖူလုံရေးဝန်ကြီး ဒေါက်တာ ခန္ဒာကမိုးရှာရက်ဖ်ဟူစိန်၏ ပြောကြားချက်ကိုကိုးကား၍ သတင်းစာကဖော်ပြသည်။

ကမ္ဘာတစ်ဝန်းတွင် အိပ်ချ်စီဗွီရောဂါ ဝေဒနာရှင်များ နှစ်စဉ် သုံးသန်းမှ လေးသန်းကျော်အထိ တိုးပွားလာကြောင်း၊ ဘင်္ဂလားဒေ့ရှ်တွင် "အသည်းရောင်ရောဂါ–စီ ကြိုတင်ကာကွယ်ရေးကို အလေးထားဂရုပြု" ဟူသော ခေါင်းစဉ်ဖြင့်ကျင်းပသော အစည်းအဝေးတစ်ရပ်တွင် ဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့သည်။

ဖော်ပြပါ အိပ်ချ်စီဗွီရောဂါထက် အသည်းရောင် ရောဂါ–ဘီကို ပြည်သူများသည် ပိုမိုသတိထားကြောင်း၊ သို့ဖြစ်၍ အိပ်ချ်စီဗွီ ရောဂါပျံ့နှံ့မှုကို ကာကွယ်ရန် ကြိုတင်ကာကွယ်ရေးများ လိုအပ်သလို မဆောင်ရွက်နိုင်သောကြောင့် အိပ်ချ်စီဗွီရောဂါပိုမိုဖြစ်ပွားရသည်ဟု အက်စ်စီစီအဖွဲ့၏ အတွင်းရေးမှူးချုပ် မာမူရှိဘာလီ၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြထားသည်။

အိပ်ချ်စီဗွီရောဂါကို ပြည်သူများအနေဖြင့် ကြိုတင်ကာကွယ်ဂရုစိုက်ရန်၊ ပညာပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေးမပေါ်မီအတွင်း အဆိုပါရောဂါကို တိုက်ဖျက်နိုင်မည့် အကျိုးအာနိသင်ရှိသည့် ကာကွယ်ဆေး ယခုအထိမတီထွင်နိုင်သေးသောကြောင့် ထိုရောဂါကို ဂရုတစိုက်ကာကွယ်ရန် ဘင်္ဂလားဒေ့ရှ်တွင် အိပ်ချ်စီဗွီရောဂါအတွက် သွေးစစ်ဆေးမှုဖြင့် ပုံမှန်မပြုလုပ်နိုင်သေးကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။***အမ်အင်အေဆင်ဟွာ။***

ဟာဗေးမုန်တိုင်း ဘာမြူဒါကျွန်းသို့ ဦးတည်

မီယာမီ ဩဂုတ် ၄

အတ္တလန္တိတ်သမုဒ္ဒရာတွင် အပူပိုင်းမုန်တိုင်းတစ်ခု ဖွဲ့စည်းဖြစ်ပေါ်လျက်ရှိကြောင်း၊ "ဟာဗေး"ဟု အမည်ပေးထားသော ယင်းအပူပိုင်းမုန်တိုင်းသည် ယခုနှစ်၏ ဟာရီကိန်းမုန်တိုင်းရာသီတွင် အဋ္ဌမမြောက်ဖြစ်ပေါ်သော မုန်တိုင်းဖြစ်ပြီး ဗြိတိသျှကိုလိုနီ နယ်မြေဖြစ်သော ဘာမြူဒါကျွန်းသို့ ဦးတည်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘာမြူဒါဒေသဆိုင်ရာ အစိုးရအဖွဲ့က မုန်တိုင်းအန္တရာယ်ဆိုင်ရာ သတိပေးချက် ထုတ်ပြန်ထားသည်။ လူဦးရေ ၆၂,၀၀၀ နေထိုင်ရာ ဘာမြူဒါကျွန်းတွင် ၂၄ နာရီအတွင်း မုန်တိုင်းအခြေအနေများ ဖွံ့စည်းဖြစ်ပေါ်မည်ဟု မျှော်လင့်ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဟာဗေး"အမည်ရှိ အပူပိုင်းမုန်တိုင်းသည် ဘာမြူဒါကျွန်းတွင် တိုက်ခတ်ခြင်းမရှိမီ ဟာရီကိန်းမုန်တိုင်းတစ်ခုအဖြစ်သို့ ပြောင်းလဲရောက်ရှိလာနိုင်သည့် အခွင့်အလမ်း အလွန်နည်းပါးကြောင်း မီယာမီရှိ အမေရိကန် ဟာရီကိန်းဗဟိုဌာနက ပြောကြားသည်။

အဆိုပါ အပူပိုင်းမုန်တိုင်းကြောင့် ဘာမြူဒါကျွန်းတွင် မိုးရေချိန် လေးလက်မအထိရောက်အောင်ရွာသွန်းမည်ဟု မျှော်လင့်ရသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် စင်ကာပူနှင့်တောင်ကိုရီးယား လက်မှတ်ရေးထိုးမည်

စင်ကာပူ ဩဂုတ် ၄

စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို ကြာသပတေးနေ့တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်း ဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူညီချက်ကို တောင်ကိုရီးယားနိုင်ငံမြို့တော်ဆိုးလ်တွင် စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး လင်ဟွာကိုင်နှင့် တောင်ကိုရီးယားနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဘန်ကီမွန်းတို့က လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

စင်ကာပူနှင့် တောင်ကိုရီးယား ကုန်သွယ်ရေး သဘောတူညီချက်တွင် ကုန်ပစ္စည်းအရ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အကောက်ခွန် လုပ်ထုံးလုပ်နည်းများ၊ ပညာရပ်ပိုင်းဆိုင်ရာ မူပိုင်ခွင့် သတ်မှတ်မှု၊ ယှဉ်ပြိုင်လုပ်ကိုင်မှုဆိုင်ရာ မူဝါဒအကောင်အထည်ဖော်ရေး၊ အစိုးရအဖွဲ့ချင်း ပူးပေါင်းဆောင်ရွက်မှု စသည့်အချက်များ ပါဝင်သည်။

စင်ကာပူနိုင်ငံမှ တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချသည့် စင်ကာပူဒေါ်လာ သုံးဘီလီယံကျော် တန်ဖိုးရှိ ကုန်ပစ္စည်းများ၏ ၇၅ ရာခိုင်နှုန်းကိုလည်းကောင်း၊ တောင်ကိုရီးယားနိုင်ငံမှ ဝယ်ယူတင်သွင်းသည့် ကုန်ပစ္စည်းများအားလုံးကို လည်းကောင်း အကောက်ခွန် ကင်းလွတ်ခွင့်ပေးရန် ကုန်သွယ်ရေးသဘောတူညီချက်သစ်တွင် ဖော်ပြထားကြောင်း စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်နိုင်ငံ ဟူစတာနယ်ရှိ ရေခန်းခြောက်နေသော ဆည်တစ်ခုကို ဩဂုတ်လ ၂ရက်က တွေ့ရစဉ်။ အဆိုပါဆည်၏ရေလက်ကျန်မှာပုံမှန်အနေအထား၏ ၂၀ ရာခိုင်နှုန်းသာ ကျန်ရှိတော့သည် ဟုဆိုသည်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ဩဂုတ် ၄ရက်အထိ ၁၈၂၆ဦးရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၄

၂၀၀၃ခုနှစ် မတ်လက အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ကျူးကျော်တိုက်ခိုက်ချိန်မှစ၍ ယခုနှစ် ဩဂုတ် ၄ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၈၂၆ဦး ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ယင်းတို့အနက် ၁၄၀၆ဦးမှာ ရန်လိုသောတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန်ကြေညာချက်၌ ဖော်ပြသည်။ အီရတ်၌ သေဆုံးသော အခြားတပ်ဖွဲ့ဝင်အရေအတွက်မှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၉၂ဦး၊ အီတလီ ၂၅ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၁၇ဦး၊ ဘူဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ ဆလိုဗက်ကီယားသုံးဦး၊ အက်စတိုးနီးယား၊ ထိုင်းနှင့် နယ်သာလန် နှစ်ဦးစီ၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယားတစ်ဦးစီ သေဆုံးခဲ့ကြောင်း သိရသည်။

အင်တာနက်။

အိုင်းရစ်အိမ်ရှင်မ ဒေါ်လာသန်း ၁၃၀ကျော်တန်ထီဆုပေါက်

လန်ဒန် ဩဂုတ် ၅

ဥရောပထီသမိုင်းတွင်အကြီးဆုံးထီဆုဖြစ်သော အမေရိကန်ဒေါ်လာ ၁၃၆ဒသမ၂၉သန်း သို့မဟုတ် ပေါင် ၇၇သန်းတန်ဖိုးရှိဆုကြီးကို အိုင်ယာလန်နိုင်ငံ လီမာရစ်မြို့မှ အမျိုးသမီးတစ်ဦးက ဩဂုတ်လ ၄ရက်တွင် ဆွတ်ခူးသွားကြောင်းသိရသည်။

ယူရိုမီလီယံ ကံစမ်းမဲဖွင့်ပွဲတွင် အိုင်ယာလန်သူ ဒေါ်လိုရစ်မက္ကနာမားရာဆိုသူ အမျိုးသမီး က ဆွတ်ခူးသွားကြောင်း၊ Sky New သတင်းဌာနက ဖော်ပြခဲ့သည်။ ယခုနှစ်မေလမှစ၍ ထိုဆုမဲသည်တစ်ကြိမ်တစ်ခါမျှပေါက်ခဲ့ဖူးခြင်းမရှိဘဲ ကိုးကြိမ်တိတိ ဆက်တိုက်ပြန်ဖွင့်ခဲ့ရာ၌ ထီဆုမဲမထွက်သည့်အဖြစ်နှင့် ကြုံခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မြန်မာ့ ပညာရေး

တက္ကသိုလ်တင်ခ

မြန်မာ့ကျေးရွာသည် မြန်မာပြည်၏ အခြေအမြစ်ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမဆို ကျေးရွာကိုသာ စတင်အခြေခံရပါသည်။ မြို့ကြီးပြကြီး တိုက်တာကြီးများ ကြီးမားခံ့ညားနေစေကာမူ ကျေးလက်စီးပွားရေးသည်သာ အခြေခံကျနေပါသည်။ ကျေးလက်စီးပွားရေး စိုက်ပျိုးရေးအခြေခံကောင်းမှသာ မြို့ပြနေ ပြည်သူတို့ စားဝတ်နေရေး အခြေခိုင်မည်ဖြစ်ပါသည်။ ကမ္ဘာ့ရွာဟူ၍ တင်စားခေါ်ဝေါ် သုံးနှုန်းသကဲ့သို့ မြန်မာပြည်၏ပညာရေး လူ့စွမ်းအားအရင်းအမြစ် ဖြစ်တည်တိုးတက်နေပုံကို မြန်မာ့ရွာဟု တင်စားဖော်ပြလိုပါသည်။

မြန်မာနိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ရာတွင် ကျေးလက်ကိုပင် အခြေတည်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ မြန်မာ့ကျေးလက် စိုက်ပျိုးရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်မှသာ ကျေးရွာ၊မြို့ပြအဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ တတိယကာလတို ငါးနှစ်စီမံကိန်းတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်ထားပါသည်။

- (၁) **ကျေးလက် လမ်းများကို ပေ ၃၀ အကျယ်မြေလမ်း၊ ဂဝံလမ်း၊ ကျောက်ချောလမ်းများအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ဖောက်လုပ်သွားရန်၊**
- (၂) **ကျေးရွာ ရေရရှိရေးကို ဆောင်ရွက်သွားရန်၊**
- (၃) **ကျေးရွာအခြေခံပညာကျောင်းများ၏ အဆောက်အအုံ၊ ပရိဘောဂများ အဆင့်မီကောင်းမွန်လာအောင် ဆောင်ရွက်ပေးရန်၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးနှင့် စာတတ်မြောက်ရေးကို အလေးထားဆောင်ရွက်ရန်၊**
- (၄) **ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို စနစ်တကျ အဆင့်မြှင့်ပေးနိုင်အောင်စီမံရန်၊**
- (၅) **ကျေးလက်ဒေသ စီးပွားရေးအဆင့်အတန်း တိုးတက်လာအောင် အလေးပေးဆောင်ရွက်ရန်** တို့ဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်ကာ အီလက်ထရွန်းနစ် အချက်အလက် ထုတ်လွှင့်ခြင်းစနစ် (Electronic Data Broadcasting System)အစီအစဉ်ကို ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် စတင်အသုံးပြုခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ ရက်စွဲဖြင့် ပေးပို့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အီလက်ထရွန်းနစ်ပညာရေး(Electronic Education) အကောင်အထည်ဖော်သောနေ့ ဂုဏ်ပြုသဝဏ်လွှာ၌ ဤသို့ဂုဏ်ပြုဖော်ပြခဲ့ပါသည်–

> **"ပညာရေးကဏ္ဍသည် အမျိုးသားရေးလက္ခဏာနှင့် အစဉ်ယှဉ်တွဲနေသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ရပ်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ် စီမံကိန်းကို အာရုံစူးစိုက်၍ အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းပထမနှစ်၏ တတိယလေးလပတ်သို့ ရောက်ရှိခဲ့ပြီး ဖြစ်ပါသည်။ တိုတောင်းသော အကောင်အထည်ဖော်ချိန်ကာလအတွင်း မြန်မာနိုင်ငံပညာရေးကဏ္ဍအတွက် အီလက်ထရွန်းနစ် အချက်အလက် ထုတ်လွှင့်မှုအစီအစဉ်** (Electronic Data Broadcasting System)**ကို ယနေ့စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီ ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြလိုပါသည်။"**

နိုင်ငံတကာပညာရေး၏ ပင်မရေစီးကြောင်းသည် အီလက်ထရွန်းနစ်ပညာရေးပင်ဖြစ်သည်။ နေရာ သတ်မှတ်ချက်၊ အချိန်ကန့်သတ်ချက်များကို ကျော်လွှားပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကို အသုံးပြု၍ ပညာသင်ယူနိုင်သော အခွင့်အလမ်းကို မျက်မှောက်ခေတ်ကာလတွင် အီလက်ထရွန်းနစ် ပညာရေးစနစ်က အပြည့်အဝအားပေးလျက်ရှိပါသည်။

ပညာရေးကဏ္ဍသည် အမျိုးသားရေးလက္ခဏာနှင့် အစဉ်ယှဉ်တွဲနေသည့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ရပ်ဖြစ်သဖြင့်နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို အာရုံစူးစိုက်၍ အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ အတိုင်းအတာ တစ်ရပ်အထိ အောင်မြင်မှုရောက်ရှိနေပြီ ဖြစ်ပါသည်။

ယခုအခါ အဆင့်မြင့်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများကိုပင် ပြည်နယ်နှင့်တိုင်းဒေသအားလုံးတွင် ရရှိ နေပြီဖြစ်ပေသည်။ လိုအပ်သည့် အဆင့်မြင့်လူ့စွမ်းအား အရင်းအမြစ်များကို ဒေသအလိုက် ပြုစုပျိုးထောင်မွေးထုတ်ခြင်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားလာမည် ဖြစ်ပါသည်။

ငြိမ်းချမ်းလာသော မြန်မာ့နယ်စပ်ဒေသများတွင် လူတိုင်းအတွက် ပညာရေးလုပ်ငန်းစဉ်ကိုလည်း မြင်တွေ့နိုင်သည်။ မျိုးဆက်သစ်လူငယ်တို့အတွက် ကျောင်းပညာရေးကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသလို အကြောင်းအမျိုးမျိုးကြောင့် အရေး၊ အဖတ်၊ အတွက် မတတ်ခဲ့ကြသည့် ပြည်သူများအတွက် 'အ'သုံးလုံးသင်တန်းများ ပို့ချပေးရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားထားပေသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီက လက်တွေ့အကောင်အထည်ဖော်လျက်ရှိပါသည်။

စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကြောင့် သက်ကြီးစာတတ်နှုန်းသည် ၂၀၀၀ ပြည့်နှစ်တွင် ၉၁ ရာခိုင်နှုန်း၊ ၂၀၀၁ ခုနှစ်တွင် ၉၁ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၀၂ ခုနှစ်တွင် ၉၁ ဒသမ ၈ရာခိုင်နှုန်း၊ ၂၀၀၃ ခုနှစ်တွင် ၉၂ ဒသမ ၂ ရာခိုင်နှုန်း၊ ၂၀၀၄ ခုနှစ်တွင် ၉၃ ဒသမ ၃ ရာခိုင်နှုန်း ရှိလာပြီဖြစ်ရာ ၂၀၀၅ ခုနှစ်တွင် သက်ကြီး စာတတ်နှုန်း ၉၅ ဒသမ ၅ ရာခိုင်နှုန်း ရှိရေးအတွက် ပြည်နယ်/တိုင်း အလိုက် ကောက်သင်းကောက် စာတတ်မြောက်ရေးလုပ်ငန်းနှင့် နယ်စပ်ဒေသ စာတတ်မြောက်ရေးလုပ်ငန်းများကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

၁၉၉၉–၂၀၀၀ ပညာသင်နှစ်မှစ၍ ပညာသင်နှစ် မစတင်မီ ရက်သတ္တပတ်ကို ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ပြီး ပြည်နယ်/တိုင်းအလိုက်၊ မြို့နယ်အလိုက်၊ အခြေခံပညာကျောင်းအလိုက် ကျောင်းအပ်နှံရေးလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ခဲ့ပါသည်။ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးစီမံချက်အရ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးစီမံချက်ဝင် မြို့နယ်များအဖြစ် ၂၀၀၂–၂၀၀၃ ပညာသင်နှစ်တွင် မြို့နယ် ၅၅ မြို့နယ်၌လည်းကောင်း၊ ၂၀၀၃–၂၀၀၄ ပညာသင်နှစ်တွင် စီမံချက်ဝင် မြို့နယ် ၈၉ မြို့နယ် တိုးချဲ့၍ မြို့နယ် ၁၄၄ မြို့နယ်၌လည်းကောင်း၊ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်တွင် စီမံချက်ဝင် မြို့နယ် ၈၉ မြို့နယ် တိုးချဲ့၍ မြို့နယ် ၂၃၃ မြို့နယ်၌လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၉၉–၂၀၀၀ ပညာသင်နှစ်တွင် အသက်ငါးနှစ်ပြည့်ပြီး ကလေးဦးရေ၏ ၉၁ ရာခိုင်နှုန်း သူငယ်တန်း တက်ရောက်နိုင်ခဲ့ရာမှ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်တွင် ကလေးဦးရေ၏ ၉၆ဒသမ၅၆ ရာခိုင်နှုန်း အထိ တိုးတက်လာခဲ့ပါသည်။

ငြိမ်းချမ်းလာသော မြန်မာ့နယ်စပ်ဒေသတွင် မျိုးဆက်သစ်လူငယ်တို့၏ အခြေခံပညာ သင်ယူနိုင်မှုအခွင့်အလမ်းသည် ငြိမ်းချမ်းမှုနှင့်အတူ ရှင်သန်ဖွံ့ဖြိုးလာပြီး အဆင့်မြင့်ပညာဖြစ်သည့် တက္ကသိုလ်၊ ကောလိပ် ပညာသင်ကြားနိုင်ဖို့ အခွင့်အရေးသည်ပင်လျှင် လက်တွေ့ကျကျ ရရှိနေပြီ ဖြစ်ပါသည်။ ရှေးက မငြိမ်းချမ်းခဲ့သော ရှမ်းပြည်နယ်၏ ပညာရေးကို ယခု ငြိမ်းချမ်းနေသော ရှမ်းပြည်နယ်၏ ပညာရေးနှင့် နှိုင်းယှဉ်ပြလိုပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံတွင် ငြိမ်းချမ်းလာပြီးနောက် ဝိဇ္ဇာ၊ သိပ္ပံ သင်ကြားနိုင်သော ဒီဂရီ ကောလိပ်များ၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်များ ပေါ်ထွန်း လာခဲ့သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးတွင် ယခင်က ဒီဂရီကောလိပ် တစ်ခုတည်းရှိရာမှ ယခုအခါ တက္ကသိုလ်အဆင့် မြှင့်တင် ခဲ့ပြီး နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်၊ ပညာရေးကောလိပ်တို့ပါ ပေါ်ထွန်းလာခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးတွင် ယခင်က နှစ်နှစ်သင်ကောလိပ် တစ်ခုသာ ရှိရာမှ ယခုအခါ ၎င်းကောလိပ်သည် ဒီဂရီကောလိပ်အဆင့် ရောက်ရှိလာပြီး အစိုးရနည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ် တို့ ပေါ်ထွန်းလာခဲ့သည်။

ရှမ်းပြည်နယ် ပညာရေးကဏ္ဍတွင် ထူးခြားသည့်အချက်မှာ ပင်လုံဒေသတွင် ဖွင့်နေသည့် ပင်လုံတက္ကသိုလ်၊ ပင်လုံနည်းပညာကောလိပ်၊ ပင်လုံကွန်ပျူတာကောလိပ်တို့ ပါဝင်နေခြင်း ဖြစ်ပါသည်။ တိုင်းရင်းသား ပေါင်းစုံ စည်းလုံးညီညွတ်ခြင်း၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားခြင်းကို ဂုဏ်ပြု၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ခဲ့သည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ ဤဒေသတွင် ငြိမ်းချမ်းလာခြင်းကြောင့်လည်း ပင်လုံဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် ဖြစ်ထွန်းလာသည်ဟု သိရပါသည်။

နိုင်ငံတော်အစိုးရက လွန်ခဲ့သည့် သုံးနှစ်ကျော်က စတင်ဖွင့်လှစ်ခဲ့သည့် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များကို ရေးသားတင်ပြလိုပါသည်။ ရန်ကုန်တွင်တစ်ခု၊ မန္တလေးတွင်တစ်ခု ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။

ယင်းဒီဂရီကောလိပ်များကို နယ်စပ်ဒေသများအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ရရှိစေရန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်၏ စေတနာ၊ မေတ္တာ၊ ကရုဏာတရားများကို ထင်ဟပ်နေသည့် ကောလိပ်များဖြစ်သည်။

ပြည်နယ်များနှင့် နယ်စပ်ဒေသများမှ တက္ကသိုလ်ဝင်တန်း အောင်မြင်လာကြသော တိုင်းရင်းသားလူငယ်များ တက်ရောက်ခွင့်ရှိပါသည်။ နိုင်ငံတော်၏ တိုင်းရင်းသားပြည်သူများအပေါ်ထားရှိသော စေတနာ၊ မေတ္တာ၊ ကရုဏာတို့ဖြင့် ဖွင့်လှစ်ပေးခဲ့သည့် ကောလိပ်များဖြစ်သည်။

ကောလိပ်ကျောင်းတက်နေစဉ် နေရေး၊ စားရေး အပါအဝင် ပညာသင်စရိတ်အားလုံးကို နိုင်ငံတော်အစိုးရက ထောက်ပံ့သည်။ အဆင့်မြင့်ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ရရှိစေခြင်းပင်ဖြစ်သည်။

ဝိဇ္ဇာ၊ သိပ္ပံပညာရပ်၊ အင်ဂျင်နီယာပညာရပ်များ၊ ကွန်ပျူတာပညာရပ်များ ဆည်းပူးသင်ကြားနိုင်သည်။ ကောလိပ်များ၏ စာသင်ခန်းများကို အီလက်ထရွန်းနစ် ပစ္စည်းများဖြင့် အဆင့်မြင့်မြင့် ဖွဲ့စည်းထားသည်။

အဆိုပါ ကောလိပ်များမှ ဘွဲ့၊ ဒီဂရီရရှိကြသော တိုင်းရင်းသားလူငယ်များသည် ၎င်းတို့မွေးဖွားကြီးပြင်းလာရာ နယ်စပ်ဒေသများသို့ ပြန်လည်သွားရောက်ပြီး ၎င်းတို့ဒေသရှိ လူ့အဖွဲ့အစည်းကို ၎င်းတို့တတ်ခဲ့သည့် ပညာဖြင့် အလုပ်အကျွေးပြုကြမည်။ အုပ်ချုပ်ရေးအဖွဲ့မှာဖြစ်စေ၊ စာသင်ကျောင်းများမှာဖြစ်စေ၊ မြို့ပြအင်ဂျင်နီယာလုပ်ငန်းမှာဖြစ်စေ၊ ဆောက်လုပ်ရေးကဏ္ဍမှာဖြစ်စေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာဖြစ်စေ အသီးသီးအသက၊ အသကတာဝန်ထမ်းဆောင်ကြလိမ့်မည်။ သူတို့လေးတွေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရန်အင်အားဖြစ်ပေသည်။ တိုင်းရင်းသားဖွံ့ဖြိုးရေး တက္ကသိုလ်အတွက် အားသစ်လောင်းလိုက်သည့် အရန်အင်အား ဒီဂရီကောလိပ်များ ဖြစ်ပါသည်။

ငြိမ်းချမ်းလာသည့် နယ်စွန်နယ်ဖျားဒေသများတွင် မျိုးဆက်သစ်လူငယ်များ အဆင့်မြင့်ပညာသင်ကြားရန် အခွင့်အလမ်းသည် အမှန်တကယ်ပင် ပေါ်ထွန်းလာခဲ့ပြီ။ အခြားဒေသအသီးသီးတွင်လည်း တက္ကသိုလ်၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ်နိုင်သဖြင့် ၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ် ၃၂ ခုရှိခဲ့ရာမှ ယခု ၁၆၈ ခု အထိရှိနေပြီဖြစ်သည်။

ယခင်နှင့် ယခုနယ်စပ်ဒေသ အခြေအနေသည် သိသိသာသာကွာခြားနေပါပြီ။ ယခင်က နယ်စပ်ဒေသများတွင် စာသင်ကျောင်းဟုပင် ထင်ထင်ရှားရှားမရှိခဲ့ပါပေ။ ယခုဆိုလျှင် မူလတန်းကျောင်း ၈၅၂ ကျောင်း၊ အလယ်တန်းကျောင်း ၉၀ နှင့် အထက်တန်းကျောင်း ၉၂ ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်းသိရသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေးကို ပိုမိုအရှိန်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရန် လက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်တွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနဟူ၍ ဦးစီးဌာနအသစ်ကို ၃၀–၆–၁၉၉၉ ရက်နေ့က စတင်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းအချိန်မှပင် စတင်ကာ နယ်စပ်ဒေသများရှိ လူငယ်လူရွယ်များအား ဖိဖိစီးစီးပညာသင်ကြားနိုင်ရေးအတွက် လူငယ်သင်တန်းကျောင်းများကို ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ နယ်စပ်ဒေသအသီးသီးတွင် လူငယ်သင်တန်းကျောင်း ၂၇ ကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်း ၂၁ ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

လူငယ်သင်တန်းကျောင်းများတွင် လက်ရှိကျောင်းသား ၁၉၀၈ ဦး၊ ကျောင်းသူ ၃၄၁ ဦး အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည်။ အထူးခြားဆုံးမှာ လူငယ်သင်တန်းကျောင်းများမှ ၁၀ တန်း အောင်ပြီးသည့်အခါတွင်လည်း တက္ကသိုလ်ပညာရပ်များကို ဆက်လက်ဆည်းပူးနိုင်ရန်အတွက် ရန်ကုန်တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်ကို ၁၅–၆–၂၀၀၀ ရက်နေ့တွင် လည်းကောင်း၊ မန္တလေးတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်ကို ၁၂–၇–၂၀၀၀ ရက်နေ့တွင် လည်းကောင်း ဖွင့်လှစ်ပေးထားခြင်းပင်ဖြစ်သည်။ ယင်းဒီဂရီကောလိပ်နှစ်ခုကို ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် ဖွဲ့စည်းတည်ထောင်ပေးခဲ့သည်။

ယင်းရည်ရွယ်ချက်များမှာ တိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲသည့်လူငယ်များဖြစ်လာစေရန်၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များ ဖြစ်လာစေရန်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို သိရှိနားလည်ထိန်းသိမ်းနိုင်စေရန်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ဆောင်ရွက်လိုသည့်စိတ်ဓာတ် ထက်သန်စေရန်၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်လိုသည့် စိတ်ဓာတ်များ မွေးမြူပေးရန်၊ အဆင့်မြင့် တက္ကသိုလ်ပညာရပ်များ တတ်မြောက်၍ ကျောင်းဆင်းပြီးသွားပါက မိမိဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်စေရန်ဆိုသည့် အချက်များပင်ဖြစ်သည်။

အဆိုပါဒီဂရီကောလိပ်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင်(မြို့ပြ) စက်မှုလျှပ်စစ်နှင့် အီလက်ထရွန်းနစ် ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့၊သိပ္ပံဘွဲ့၊ အင်ဂျင်နီယာ(အေဂျီတီအိုင်) မဟာအရည်အချင်းစစ်၊ မဟာဝိဇ္ဇာနှင့် မဟာသိပ္ပံဘွဲ့သင်တန်းများ၌ တိုင်းရင်းသားလူငယ် ကျောင်းသားစုစုပေါင်း ၁၆၀ တက်ရောက်သင်ကြားလျက်ရှိသည်။

ဝေးလံသည့် နယ်စပ်ဒေသများမှာပင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု စတင်သန္ဓေတည်နေပြီဖြစ်သည်။ မိမိဒေသ လူ့အဖွဲ့အစည်း၏လိုအပ်ချက်ကို မိမိဒေသ မှာပင် ဖြည့်ဆည်းလာနိုင်သည့်အဆင့်သို့ ရောက်အောင် ပညာရေးကဏ္ဍဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်သည်။ နိုင်ငံတော်က အားထားရမည့် လူ့စွမ်းအား အရင်းအမြစ်များသည် လူငယ်များ၏ စွမ်းအားအဖြစ် ကြီးမားကျယ်ပြန့်လာချေပြီ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်နံတစ်လျား နယ်စပ်ဒေသ အစွန်အဖျားပါမကျန် ကွက်ပြည့်ပညာရည် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေကို မြန်မာ့ပညာရွာဟူ၍ အမှတ်တရ ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲဝင်များ လေ့လာရန် သတ်မှတ်သော သီချင်းများ

(ယမန်နေ့မှ အဆက်)

မယ်ဒလင်

၁။ ပညာရှင်အဆင့်

(က)	စိန်ကြောင်နီလာ	(ပတ်ပျိုး)
(ခ)	ရဝိန်ဒေါင်းယာဉ်ပျံ	(ပတ်ပျိုး)
(ဂ)	မန်းတောင်လကျာ	(ယိုးဒယား)
(ဃ)	တောဟောဝန်လယ်	(ယိုးဒယား)
(င)	ထောင်ရောင်နေကသာ	(သီချင်းခံ)
(စ)	မန္တလာဘုံ	(ဘွဲ့)
(ဆ)	ရီရီဆိုင်းဆိုင်း	(ကြိုး)
(ဇ)	ပြည်ပြည်မင်းပေါင်း	(သီချင်းခံ)

၂။ ဝါသနာရှင်အဆင့်

(က)	ညဥ့်သုံးယံခါ	(ပတ်ပျိုး)
(ခ)	ဂန္ဓမာတောင်	(ဘွဲ့)
(ဂ)	မင်းကုသ	(ခေတ်ဟောင်း/ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့်

(က)	ဟောဝန်မြိုင်လမ်း	(ယိုးဒယား)
(ခ)	ဘုန်းမိုးရွာစေ	(ကြိုး)
(ဂ)	မေတ္တာဂုဏ်	(ခေတ်ဟောင်း/ကာလပေါ်)

၄။ အခြေခံပညာ(၁၅-၂၀)နှစ် အဆင့်

(က)	မင်္ဂလာသီရိ	(ဘွဲ့)
(ခ)	အောင်မင်္ဂလာ	(ယိုးဒယား)
(ဂ)	တေမိယ	(ခေတ်ဟောင်း/ကာလပေါ်)

၅။ အခြေခံပညာ(၁၀-၁၅)နှစ် အဆင့်

(က)	တောနှင့်တောင်စွယ်	(ယိုးဒယား)
(ခ)	တီးရွှမ်းအောင်စည်	(ကြိုး)
(ဂ)	အနန္တငါးဖြာ	(ခေတ်ဟောင်း/ကာလပေါ်)

၆။ အခြေခံပညာ(၅-၁၀)နှစ် အဆင့်

(က)	ဇေယျာမြို့	(ကြိုး)
(ခ)	သာယာ	(ကြိုး)
(ဂ)	ရွှေမိ	(ခေတ်ဟောင်း/ကာလပေါ်)

ဂီတာ

၁။ ပညာရှင်အဆင့်

(က)	ချစ်သမျှကို	(ပတ်ပျိုး)
(ခ)	ရွှေပြည်တော်သည်	(ပတ်ပျိုး)
(ဂ)	ဆယ်ဆယ်ရောင်	(ဒိန်းသံ)
(ဃ)	ဆဒ္ဒန်အိုင်သာ	(သီချင်းခံ)
(င)	မင်္ဂလာသီရိ	(ဘွဲ့)
(စ)	ခိုင်ပန်းစုံမှုန်မာလာ	(ယိုးဒယား)
(ဆ)	မန်းတောင်လက်ယာ	(ယိုးဒယား)
(ဇ)	အမင်းမင်းခရ	(သီချင်းခံ)

၂။ ဝါသနာရှင်အဆင့်

(က)	ထူးမခြားနား	(သီချင်းခံ)
(ခ)	တောင်ဇမ္ဗူပိုင်	(ယိုးဒယား)
(ဂ)	ရွှေစပယ်ရုံ	(ခေတ်ဟောင်း/ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့်

(က)	မှိုင်းရိပ်ကယ်တည့်	(ကြိုး)
(ခ)	ဆန်းနွေဦး	(ယိုးဒယား)
(ဂ)	အန္တရာယ်ကင်း	(ခေတ်ဟောင်း/ကာလပေါ်)

၄။ အခြေခံပညာ(၁၅-၂၀)နှစ် အဆင့်

(က)	ထောင်ရောင်နေမှောင်မှောင်ခြွေ	(ကြိုး)
(ခ)	သောင်းသောင်းညံ	(ယိုးဒယား)
(ဂ)	ဝိစိတြ	(ခေတ်ဟောင်း/ကာလပေါ်)

၅။ အခြေခံပညာ(၁၀-၁၅)နှစ် အဆင့်

(က)	လူမနော	(ပတ်ပျိုး)
(ခ)	မြန်ခန်းကျွန်းတွင်း	(ကြိုး)
(ဂ)	စည်တော်ကြီး	(ခေတ်ဟောင်း/ကာလပေါ်)

၆။ အခြေခံပညာ(၅-၁၀)နှစ် အဆင့်

(က)	ဝေဘာဂီရိ	(ကြိုး)
(ခ)	ဘုံဆောင်မြင့်	(ကြိုး)
(ဂ)	ရွှေမိ	(ခေတ်ဟောင်း/ကာလပေါ်)

ဒုံမင်း

၁။ ပညာရှင်အဆင့်

(က)	ပပဝင်းဝင်း	(ပတ်ပျိုး)
(ခ)	မြန်ချာမြေကို	(ပတ်ပျိုး)
(ဂ)	လျှပ်ပန်းခွေနွဲ့	(ယိုးဒယား)
(ဃ)	သာတင့်ဆုံး	(ယိုးဒယား)
(င)	မန်းတောင်လကျာ	(ယိုးဒယား)
(စ)	မာရဝိဇယ	(ဘွဲ့)
(ဆ)	ထူးမခြားနား	(သီချင်းခံ)
(ဇ)	သိင်္ဂါရွှေရောင်	(ပတ်ပျိုး)

၂။ ဝါသနာရှင်အဆင့်

(က)	ညဥ့်သုံးယံခါ	(ပတ်ပျိုး)
(ခ)	မင်္ဂလာသီရိ	(ဘွဲ့)
(ဂ)	မိဘမေတ္တာ	(ခေတ်ဟောင်း/ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့်

(က)	ဇေယျာအောင်ချာ	(ကြိုး)
(ခ)	တောနှင့်တောင်စွယ်	(ယိုးဒယား)
(ဂ)	မင်္ဂလာတစ်ဆယ့်နှစ်ပါး	(ခေတ်ဟောင်း/ကာလပေါ်)

၄။ အခြေခံပညာ(၁၅-၂၀)နှစ်အဆင့်

(က)	မင်းလမ်းစပ်ကာ	(ကြိုး)
(ခ)	ဝေဇယန္တာ	(ယိုးဒယား)
(ဂ)	ကျေးစေတမန်	(ခေတ်ဟောင်း/ကာလပေါ်)

၅။ အခြေခံပညာ(၁၀-၁၅)နှစ်အဆင့်

(က)	အတိုင်းမသိမင်္ဂလာကျက်သရေ	(ဘွဲ့)
(ခ)	ကျွန်းကျွန်းပိုင်သ	(ကြိုး)
(ဂ)	ဖွဲ့	(ခေတ်ဟောင်း/ကာလပေါ်)

၆။ အခြေခံပညာ(၅-၁၀)နှစ်အဆင့်

(က)	သီဒါ	(ကြိုး)
(ခ)	သာယာ	(ကြိုး)
(ဂ)	ရွှေပဒ္မုန်	(ခေတ်ဟောင်း/ကာလပေါ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဇီဝသုခ ကျေးလက်ဆေးပေးခန်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဩဂုတ် ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇူလိုင် ၂၉ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အင်းစကျေးရွာ၌ကျင်းပသော ဇီဝသုခ ကျေးလက်ဆေးပေးခန်းဖွင့်ပွဲသို့တက်ရောက်ပြီး မတည်အလှူရှင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မြတောင်တိုက် ခေမာဝင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တခေမိကာဘိဝံသနှင့် အတူ ဆေးပေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဆေးပေးခန်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

အင်းစကျေးရွာ ကျေးလက်ဆေးပေးခန်းကို ဆရာတော်က ငွေကျပ်ရှစ်သိန်း မတည်၍ ဗဟိုအလုပ်အမှုဆောင်က ငွေကျပ် ၂၅၀၀၀၀တန်ဖိုးရှိ ဘိလပ်မြေအိတ်များနှင့် ဒေသခံပြည်သူများက ငွေကျပ် ၉၅၀၀၀၀ စုစုပေါင်းငွေကျပ်သိန်း၂၀အကုန်အကျခံ၍ တည်ဆောက်ထားပြီး အင်းစကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာငါးရွာမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မည်ဖြစ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် အင်းစကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသော ရတနာပန်းခင်းစာကြည့်တိုက် ပန္နက်တင်အခမ်းအနားသို့တက်ရောက်၍ ပန္နက်တင်ပေးသည်။

ထိုမှတစ်ဆင့်ဗဟိုအလုပ်အမှုဆောင်သည် မြောင်မြို့နယ် ရွှေပေါက်ပင်ကျေးရွာသို့သွားရောက်ပြီး အထက်တန်းကျောင်းခွဲ၌ ကျင်းပသည့် အသင်းဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားကာ အသင်းဝင်အဆိုပြုလွှာ ၂၁၉၈စောင်ကို လက်ခံသည်။ဆက်လက်၍ အားကစားပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ချောင်းဦးမြို့ရှိ အေးရိပ်မွန် (၂) ပရဟိတအမျိုးသမီးများဂေဟာသို့ သွားရောက်ပြီး မိဘမဲ့ အမျိုးသမီးများအား တွေ့ဆုံအားပေးစကားပြောကြား၍ စက်ဘီးတစ်စီး၊ တစ်ရက်စာ ကျွေးမွေးစရိတ် ငွေကျပ် ၄၀၀၀၀၊ အားကစားပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များ ပေးလှူသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် မုံရွာမြို့သို့ရောက်ရှိပြီး ရွှေတပ်ဦးစေတီတော်ဝင်းအတွင်း ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်ကာ လူမှုရေးအသင်းအဖွဲ့ဝင်များအား မယ်ဇယ်၊ ကုက္ကို၊ တမာ၊ ကံ့ကော်ပင် စုစုပေါင်း ၄၆၅ပင်ကို ဝေငှပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် မုံရွာမြို့ ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ဘိုးဘွား ၈၆ ဦးအတွက် ငွေပဒေသာပင်အဖြစ် ငွေကျပ်တစ်သိန်း၊ တစ်နေ့တာ အာဟာရဒါနအတွက် ငွေကျပ် ၃၃၀၀၀နှင့် ငွေကျပ် ၈၀၀၀၀ တန်ဖိုးရှိ အသုံးအဆောင်ပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများကို လည်းကောင်း၊ မုံရွာမြို့မှ အလှူရှင် ဦးခင်မောင်ငြိမ်း-ဒေါ်ညွန့်လေးမိသားစုကငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ဘိုးဘွားများအား နေ့လယ်စာ ကျွေးမွေးသည်။

ထိုမှတစ်ဆင့် မုံရွာမြို့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ရောက်ရှိပြီး ပရဟိတဂေဟာရှိ ကျောင်းသား ၆၉ဦးအတွက် ငွေပဒေသာပင်အလှူငွေကျပ် တစ်သိန်း၊ ငွေကျပ် ၉၂၅၀၀ တန်ဖိုးရှိ ကွန်ပရက်ဆာတစ်လုံး၊ အားကစားပစ္စည်းများ၊ ကျောင်းသုံးပစ္စည်းနှင့် ဗလာစာအုပ်များကို လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က လှူဒါန်းသည့် ဘိလပ်မြေ ၂၅အိတ်ကို တိုင်းမှူးကိုယ်စား ဒုတိယဗိုလ်မှူးကြီး အောင်ဆန်းကလည်းကောင်း၊ ရတနာအောင်ကုမ္ပဏီက ငွေကျပ် ၅၅၀၀၀တန်ဖိုးရှိ မော်တာတစ်လုံး၊ ဦးသန်းထွန်း မိသားစုနှင့် ဦးခင်မောင်ငြိမ်း မိသားစုတို့က ငွေကျပ်နှစ်သောင်းစီကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ဘုတလင်မြို့နယ် အုတ်ဖိုကျေးရွာသို့ သွားရောက်ပြီး မူလတန်းကျောင်း၌ ကျင်းပသည့် အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြား၍ အသင်းဝင် အဆိုပြုလွှာ ၁၃၀၀ကို လက်ခံပြီး ကျောင်းသုံး ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဇူလိုင် ၂၈ ရက်က မော်လမြိုင်မြို့ ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီးတွင် ရှင်ဥပဂုတ္တကျောင်းဆောင် ပြုပြင်ရန်အတွက် ရန်ကုန်မြို့နေ ဦးစိုးနိုင်နှင့် ဒေါ်ခင်မြင့်ဝင်း မိသားစုနှင့် မောင်နှမတစ်စုတို့က ငွေကျပ် သုံးသိန်းလေးသောင်းကို ပေးအပ်လှူဒါန်းရာ ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေရင် လက်ခံယူစဉ်။
(၂၅၇)

"ပြည်တွင်း ပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ဖိအားပေးမှုအမျိုးမျိုးကြားက ကိုယ့်ခွန်ကိုယ့်အားကို အရ
တိုင်းပြည်ချစ်စိတ်၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်တို့ကို

ရေး၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို နိုင်ငံတော်အစိုးရက ဆောင်ရွက်နေခြင်းကိုလည်း စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ်အတွက် လိုအပ်သည့် အခြေခံအုတ်မြစ်များ တည်ဆောက်နေခြင်းဖြစ်သည်ဟု ပြည်သူများက ယုံကြည်နားလည်နေကြကြောင်း၊ ထိုကဲ့သို့ယုံကြည်ချက်များနှင့်အညီ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာတောင့်တင်းစေရေး လုပ်ငန်းများကို စီမံကိန်းချမှတ်ပြီး မြန်မြန်ဆန်ဆန် ဆောင်ရွက်နေသည့် တစ်ချိန်တည်းမှာပင် နိုင်ငံတော်၏ တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေးကို အခြေခံသည့် အမျိုးသားရေးမူဝါဒနှင့် လုပ်ငန်းစဉ်များကို သိမြင်ယုံကြည်လာကြ

အဖွဲ့တို့ကို မတရားအသင်းအဖြစ် ကြေညာပေးရန်ကိုလည်း ပြည်သူများက နိုင်ငံတော်အစိုးရကို တစ်ခဲနက် တင်ပြတောင်းဆိုနေကြကြောင်း။

တွန်းလှန်ကြရမည်

"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့်စကားနှင့်အညီ ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ကာကွယ် တိုက်ဖျက်သွားကြရမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် အသင်းဝင်ပေါင်း ၂၉၅၂၃၂၇ဦးရှိပြီး အသင်း

ညီညွတ်မှု၊ စည်းလုံးမှု၊ ငြိမ်းချမ်းမှုတို့
ခြင်းကြောင့်ပင်ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် သိပ်သည်းကျစ
လူ့စွမ်းအားများဖြစ်သော NGO အဖွဲ့
လူထုလူတန်းစား အလွှာအသီးသီးတို့၏
စိတ်ဓာတ်အရင်းခံပြီး မွန်မြတ်သည့်စေတ
သော ဖွဲ့လုံ့လ၊ မတုန်လှုပ်သည့် ကြံ့ခိုင်မှု
စည်းရုံးပေါင်းဆုံခြင်းသည် ပြည်သူ့စွမ်
အဆိုပါ ပြည်သူ့စွမ်းအား စည်းလုံးမှု
နိုင်ငံတော် အချုပ်အခြာအာဏာကို ထိပါး
ဟူသမျှကို ဆန့်ကျင်တွန်းလှန်ရင်း နိုင

ရှေ့ဖုံးမှ

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ပညာရေးအဖွဲ့ခေါင်းဆောင် မုံရွာ ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ခင်မြတ်မြတ်၊ မုံရွာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင် ဒေါ်နွဲ့နွဲ့အောင်၊ ဝန်းသိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးညိုဝင်းအောင်(အငြိမ်းစား)၊ မုံရွာမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ တပ်ခွဲမှူး ဦးခင်မောင်ဝင်း၊ စစ်ကိုင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူး ဦးမောင်မောင်အေးနှင့် မုံရွာမြို့ အမြန်ရေယာဉ်အသင်းဥက္ကဋ္ဌ ရပ်မိရပ်ဖ ဦးမျိုးဝင်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်သီသီဝင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်မာလာထွန်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များနှင့် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ သဘာပတိ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် အမိနိုင်ငံတော်ကြီး နိုင်ငံ

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်သီသီဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်မာလာထွန်းတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

တကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘက်စုံကဏ္ဍစုံမှ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှု၊ တည်ဆောက်မှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်တွင် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ကြိုးပမ်းစီမံနေသကဲ့သို့ ပြည်သူများ၏ လူမှုဘဝ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ တပ်မတော်၊ ပြည်သူနှင့် အစိုးရတို့သည် ခိုင်မာသည့် ဦးတည်ချက်၊ မြင့်မားသောရည်ရွယ်ချက်များနှင့် ညီညီညွတ်ညွတ် ပေါင်းစည်းကြိုးပမ်းခဲ့ကြသည့်အတွက် နိုင်ငံတော်တွင် မည်သည့်ခေတ်ကာလနှင့်မျှမတူသည့် အခြေခံကျကျ ပြောင်းလဲတိုးတက်မှုများ၊ အောင်မြင်ဖြစ်ထွန်းမှုများကို မိမိတို့ပြည်သူများ မျက်ဝါးထင်ထင် တွေ့မြင်ခံစားနေကြရပြီဖြစ်ကြောင်း၊ ထို့အပြင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ခိုင်ခိုင်မာမာတည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်း

သည့်အတွက် ဟိုးယခင်က နိုင်ငံတော်အပေါ် လက်နက်ကိုင် ဆန့်ကျင်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ မိမိတို့နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင် တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ဒေသခံ တိုင်းရင်းသားများနေထိုင်သည့် နယ်စပ်ဒေသအသီးသီး၌ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကိုလည်း ခံစားနေကြရပြီဖြစ်ကြောင်း။

ထို့မျှမက နိုင်ငံတော်ပြိုကွဲပျက်စီးရန် နည်းမျိုးစုံသုံးပြီး ကြံစည်ကြိုးပမ်းနေသည့် ပြည်ပသောင်းကျန်းသူ FTUB အဖွဲ့၊ မြန်မာတိုင်းရင်းသားပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီးလုပ်နေသည့် ပြည်ပ ဝရမ်းပြေး NCGUB အဖွဲ့၊ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လုပ်ရပ်ကို တရားသေဆုပ်ကိုင်ထားပြီး နိုင်ငံတော်နှင့် ပြည်သူလူထု ပျက်စီးရာပျက်စီးကြောင်းကို လက်ရဲဇက်ရဲ လုပ်ကိုင်နေသည့် အကြမ်းဖက်အဖျက်သမား ABSDF

အဆင့်ဆင့်တွင် ကျောင်းသားလူငယ် ၁၁၉၀၃၃၂ ဦး၊ ကုန်သည်ပွဲစားနှင့် အလုပ်သမား ၄၇၀၉၁၃ ဦး၊ တောင်သူလယ်သမား ၁၀၈၉၂၁၇ ဦးနှင့် ဝန်ထမ်း ၂၀၁၈၆၅ ဦး ပါဝင်ပြီး အမျိုးသားရေးစွမ်းအားစုများဖြစ်ကြသည့် လူမှုရေးအသင်းအဖွဲ့အသီးသီး၏ စည်းလုံးညီညွတ်မှုအားနှင့် အမိနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ အစွန့်ရှည် တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ပြည်သူ့ဆန့်ကျင်ရေး အဖျက်အမှောင့်ဟူသမျှ ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ တွန်းလှန်ကြရမည် ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်တွင် ကြုံတွေ့နေရသည့် ဖိအားပေးမှုအမျိုးမျိုးကြားကပင် ကိုယ့်ခွန်ကိုယ့်အားကို အရင်းတည်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခြင်းသည် တိုင်းပြည်ချစ်စိတ်၊ အမျိုးချစ်စိတ်၊ ပြည်ထောင်စုကြီးကို မြတ်နိုးတွယ်တာသော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံသည့်

ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်
ထမ်းရွက်သွားကြပါစို့ဟု တိုက်တွန်းအပ်ပ
ဖြင့် ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ဘုတလင်မြို့နယ် ပြည်ထော
ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦ
"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တ
စွမ်းအား စည်းလုံးမှုအင်အားဖြင့် က
ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် ယ
များထဲမှ ပြည်ထောင်စုပြိုကွဲခဲ့သော နိုင်ငံအ
သတ်ဖြတ်မှုများ၊ သွေးချောင်းစီးတိုက်ပွဲမှ
နိုင်ငံတွင်းရှိသည့် ပြည်သူများ အတိဒုက
နေကြခြင်းမှာ ရင်နင့်စဖွယ် တွေ့နေက

"ပြည်တွင်းပြည်ပ အဖျက်သမားမျ
ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့်
နှင့်ပတ်သက်၍ ဘုတလင်မြို့နယ်
ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေ
လှိုင်က ဆွေးနွေးတင်ပြစဉ်။

"အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" ဆိုသည်မှာ နိုင်ငံတော်၏အလံတော် တစ်ခုတည်းအောက်တွင် တစုတစည်းတည်း ရှိနေကြသော နိုင်ငံသူ နိုင်ငံသားတို့၏ ခိုင်မာသိပ်သည်း ကျစ်လျစ်သည့်စည်းလုံး ညီညွတ်မှုအပေါ်၌ မူတည်။

နကိုယ့်အားကို အရင်းတည်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခြင်းသည် ချစ်စိတ်ဓာတ်တို့ကို အခြေခံသည့် ညီညွတ်မှု၊ စည်းလုံးမှု၊ ငြိမ်းချမ်းမှုတို့ တည်ဆောက်နိုင်ခြင်းကြောင့်ဖြစ်

ညီညွတ်မှု၊ စည်းလုံးမှု၊ ငြိမ်းချမ်းမှုတို့ တည်ဆောက်နိုင်ခြင်းကြောင့်ပင်ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် သိပ်သည်းကျစ်လျစ်စုစည်းသည့် လူ့စွမ်းအားများဖြစ်သော NGO အဖွဲ့အစည်းအသီးသီး၊ လူထုလူတန်းစား အလွှာအသီးသီးတို့၏ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်အရင်းခံပြီး မွန်မြတ်သည့်စေတနာ၊ မဆုတ်မနစ်သော ဇွဲလုံ့လ၊ မတုန်လှုပ်သည့် ကြံ့ခိုင်မှုများနှင့် ညီညွတ်စွာ စည်းရုံးပေါင်းဆုံခြင်းသည် ပြည်သူ့စွမ်းအားများဖြစ်ပြီး အဆိုပါ ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားများဖြင့် နိုင်ငံတော် အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်လာမှုဟူသမျှကို ဆန့်ကျင်တွန်းလှန်ရင်း နိုင်ငံတော် ဘက်စုံ

ပြည်ထောင်စုပြိုကွဲလျှင် နိုင်ငံပြိုကွဲမည်ဖြစ်သကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့လျှင်လည်း ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးပြီး အချုပ်အခြာအာဏာ ဆုံးရှုံးရမည်ဖြစ်ကြောင်း၊ **"အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"**ဆိုသည်မှာ နိုင်ငံတော်၏ အလံတော်တစ်ခုတည်းအောက်တွင် တစုတစည်းတည်း ရှိနေကြသော နိုင်ငံသူ နိုင်ငံသားတို့၏ ခိုင်မာသိပ်သည်းကျစ်လျစ်သည့် စည်းလုံးညီညွတ်မှုအပေါ်၌ မူတည်နေကြောင်း၊ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသူ၊ နိုင်ငံသားတိုင်း၏ မွေးရာပါ တာဝန်ဆိုသည်မှာ ထင်ရှားနေသကဲ့သို့ ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက်

အဆိုးမြင်ဝါဒဖြင့် ထိုးနှက်အနိုင်ကျင့်ရန် ကြိုးစားနေကြကြောင်း၊ ထို့အပြင် ပြည်တွင်း၌ရှိသည့် နယ်ချဲ့လက်ပါးစေ အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးများနှင့် ပူးပေါင်းပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများကိုသာမက နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုပါ ထိပါးစော်ကားရန် ကြိုးစားလာကြပြန်ကြောင်း။

ထင်ရှားသည့် သာဓကပြရလျှင် အမျိုးသား စည်းလုံးညီညွတ်ရေး အရှိန်အဟုန်မြင့်မားစွာဖြင့် တည်ဆောက်နေ

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် သဘာပတိ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထိုပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့က ကြေညာချက်များသည် ရှက်ဆစ်ခေါင်းဆောင်သော SSA၊ SNLDနှင့် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့က မည်ကာမတ္တ ပြည်ထောင်စုကို ထူထောင်ကာ တစ်ချိန်ချိန်တွင် ခွဲထွက်ပြီး သီးခြားနိုင်ငံ ထူထောင်မည်ဆိုသော ရည်ရွယ်ချက်များ၊ စီမံဆောင်ရွက်ချက်များနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်နေသည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ပြည်ပြေးစဝ်ခမ်ဖ

အချို့က မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုများကို ၎င်းတို့အလိုကျ ကြိုးကိုင်နိုင်မည့် အခြေအနေအတိုင်း ဖြစ်မလာနိုင်တော့သည်ကို သိရှိသောအခါ မြန်မာနိုင်ငံကို အဘက်ဘက်ကနေ ဖိအားများ ပေးလာခဲ့ကြကြောင်း။

ILO အဖွဲ့သည် အလုပ်သမားရေးရာ အဖွဲ့အစည်းမျှသာဖြစ်သော်လည်း အနောက်အုပ်စုဝင် အင်အားကြီး နိုင်ငံအချို့သည် ILO ကို

ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်းကြိုးပမ်းထမ်းရွက်သွားကြပါစို့ဟု တိုက်တွန်းအပ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ဘုတလင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က **"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"**နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် ယနေ့ ကမ္ဘာ့နိုင်ငံများထဲမှ ပြည်ထောင်စုပြိုကွဲခဲ့သော နိုင်ငံအချို့၌ အချင်းချင်း သတ်ဖြတ်မှုများ၊ သွေးချောင်းစီးတိုက်ပွဲများ ဖြစ်နေသဖြင့် နိုင်ငံတွင်းရှိသည့် ပြည်သူများ အတိဒုက္ခများစွာ ရောက်နေကြခြင်းမှာ ရင်နင့်စဖွယ် တွေ့နေကြရကြောင်း။

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" နှင့်ပတ်သက်၍ ဘုတလင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အသက်ဝိဉာဉ်ပင် ဖြစ်သည်ဆိုသည်မှာ ပေါ်လွင်နေကြောင်း။

ထိပါးစော်ကား

မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးစွာ ယှဉ်တွဲနေထိုင်လျက်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ကြည်ရင်းနှီးစွာဆက်ဆံပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို တိကျစွာလိုက်နာ စောင့်ထိန်းလျက်ရှိကြောင်း၊ ထိုကဲ့သို့ မိမိတို့ မြန်မာနိုင်ငံက နိုင်ငံကြီးသားပီသစွာ နေထိုင်ခဲ့သော်လည်း ပြည်ပနိုင်ငံအချို့ရှိ အဖွဲ့အစည်းအချို့သည် မိမိတို့ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်နှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ကွယ်ပြုပြီး

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" နှင့်ပတ်သက်၍ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နုနုဝင်းက ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

သည့် ယနေ့တပ်မတော်အစိုးရ တာဝန်ယူနေသောကာလ၌ ပြည်ပသြဇာခံ စဝ်ခမ်ဖ ဦးစီးသည့်အဖွဲ့က ဧပြီလ ၁၇ရက်တွင် ပြည်ပတစ်နေရာမှနေပြီး ရှမ်းပြည် ယာယီအစိုးရဆိုသည့်အဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်း သတင်းထုတ်လွှင့်ခဲ့ကြောင်း၊ ထိုလုပ်ရပ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ပြိုကွဲစေလိုသည့် ရည်ရွယ်ချက်ဖြင့် ကိုလိုနီနယ်ချဲ့လက်ပါးစေတို့က အကွက်ချပြီး ကြံစည်လုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ ဖြစ်စဉ်သည် ယခုမှ ချက်ချင်းဖြစ်ပေါ်လာသော သွေးရိုးသားရိုးဖြစ်စဉ်မဟုတ်ဘဲ ပြည်ပအားကိုးပြီး ပြည်ပ၏ ညွှန်ကြားမှုအတိုင်း လုပ်ခဲ့သည်ကို ပြည်သူလူထုကြီး အသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၅ ခုနှစ် ဧပြီလ ၁၉ရက်တွင် ပြည်ပြေး စဝ်ခမ်ဖ ခေါင်းဆောင်သည့် အဖွဲ့ဝင်များနှင့် ဆက်နွှယ်မှုရှိသော အခြားအဖွဲ့အစည်းများကို မတရားအသင်းအဖြစ် ကြေညာခဲ့ကြောင်း။

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" အဆိုကို မုံရွာမြို့မှ မြို့မိမြို့ဖ ဦးဝင်းမြင့်က ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ခေါင်းဆောင်သော ရှမ်းပြည် ယာယီအစိုးရဖွဲ့စည်းခြင်း၊ ပြည်ထောင်စုကြီးမှခွဲထွက်မည့် အကြံအစည်ဟူသမျှနှင့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးမည့် အရေးကိစ္စဟူသမျှကို လုံးဝလက်မခံ အပြင်းအထန် ဆန့်ကျင်ရှုတ်ချကြောင်း တစ်နိုင်ငံလုံး နေရာအနှံ့ ဖော်ထုတ်ပြသခဲ့ပြီဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဖိအားများပေး

နိုင်ငံတော်၏ သမိုင်းရေးနှင့် အမျိုးသားရေးလိုအပ်ချက်အရ ၁၉၈၈ခုနှစ်တွင် တပ်မတော်အစိုးရက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ရယူခဲ့ပြီးနောက် အင်အားကြီးနိုင်ငံ

"ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"နှင့် ပတ်သက်၍ မုံရွာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်အေးအေးသန်းက ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အလုပ်သမားကိစ္စများ အတွက်သာမက မြန်မာနိုင်ငံ၌ ၎င်းတို့သြဇာခံရုပ်သေးအစိုးရ တင်နိုင်ရေးအတွက် လက်ရှိ တပ်မတော်အစိုးရကို ဖိအားပေး အကျပ်ကိုင်နိုင်ရန် နိုင်ငံရေးစင်မြင့်တစ်ခုအဖြစ် အသုံးချလာသည်ကို အထင်အရှား တွေ့နေရကြောင်း။

ILO အဓမ္မ စေခိုင်းမှုဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်ဆက်စပ်ပြီး မြန်မာနိုင်ငံအပေါ် ကုန်သွယ်မှုပိတ်ပင်ခြင်း (Trade Sanction) တစ်ရပ်ချမှတ်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၌ရှိသော အထည်အလိပ်လုပ်ငန်းမှ စက်ရုံ ၁၆၀ ကျော် ပိတ်ခဲ့ရကြောင်း၊ စက်ရုံပေါင်း ၄၀ တွင်လည်း လုပ်သားအင်အား လျှော့ချခဲ့ရသဖြင့် အလုပ်သမားပေါင်းရှစ်သောင်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရကြောင်း၊ အလုပ်ရှင်များဘက်က အလုပ်ထုတ်နစ်နာခြင်းငွေများ ပေးဆပ်ခဲ့ရပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ လျော့ကျခဲ့ရကြောင်း၊ ILO အနေဖြင့် ထိုကဲ့သို့သာ အလုပ်သမားများအကျိုးကို မျက်ကွယ်ပြုပြီး အလုပ်လက်မဲ့ ဖန်တီးမြဲ ဖန်တီးနေမည်၊ စွက်ဖက်မြဲ စွက်ဖက်နေမည်ဆိုလျှင် ILO အဖွဲ့နှင့် လက်တွဲဖြုတ်ရေး၊ မဖြုတ်ရေးကိစ္စကို နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်ပြတ်သားစွာ ဆုံးဖြတ်သွားပါဟု တိုက်တွန်းပန်ကြားလိုပါကြောင်း။

အလားတူ နိုင်ငံတော် အေးချမ်းတည်ငြိမ်မှု ပျက်ပြားအောင်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးရအောင် ABSDF၊ FTUB၊ NCGUBနှင့် NLD(LA) အကြမ်းဖက် အဖျက်အမှောင့်အုပ်စုများကလည်း အကြမ်းဖက် အဖျက်လုပ်ရပ်များကို အဆက်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❀

❀ စာမျက်နှာ ၉ မှ

မပြတ် လုပ်ဆောင်နေကြကြောင်း၊ ထိုလုပ်ရပ်များသည် သူရဲဘောကြောင်ပြီး ကောက်ကျစ်ယုတ်မာပက်စက်သည့် လူမဆန်သော လုပ်ရပ်ဆိုးများဖြစ်ကြောင်း၊ ထင်ရှားသည့် လုပ်ရပ်အနေဖြင့် တရုတ်ပြည်မှ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်တော်မူရာ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူအတွင်း ချိန်ကိုက်ဗုံးထောင်ဖောက်ခွဲပြီး ရဟန်းရှင်လူပြည်သူများ သေကျေပျက်စီး ထိခိုက်ဒဏ်ရာရစေခဲ့ကြောင်း။

အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးသတ်ဖြတ်ခဲ့သည့် လုပ်ရပ်များကြောင့် သေကျေပျက်စီးဆုံးရှုံးခဲ့ရသည့် ပြည်သူလူထု၏ ခံပြင်းလှသည့် နာကြည်းမှုများသည် မည်သည့်အခါမျှ မေ့ပျောက်သွားမည် မဟုတ်သကဲ့သို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်နေမှုကို နှောင့်ယှက် ဖျက်ဆီးနေကြသော ABSDF၊ FTUB၊ NCGUB နှင့် NLD(LA) အပါအဝင် ပြည်တွင်းပြည်ပမှ အဖျက်သမားများကို ပြည်သူတစ်ရပ်လုံး၏ စုစည်းသည့်အားနှင့် တွန်းလှန်ဖြိုဖျက်သွားရမည်ဖြစ်ကြောင်း။

စစ်သူကြီး သတိုးမဟာဗန္ဓုလ၊ စစ်ကိုင်းမြို့နယ် မိကျောင်းတက်ရွာသား နေမျိုးမဟာသီဟသူရ မြဝတီမင်းကြီးဦးစ၊ ဝန်းသိုမြို့နယ်မှ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်စသည့် မြန်မာ့သမိုင်းတွင် သူ့ကျွန်မခံ နယ်ချဲ့ကို တွန်းလှန်ခဲ့ကြသည့် မျိုးချစ်သူရဲကောင်းများ မွေးဖွားရှင်သန်ရာဒေသဖြစ်ကြောင်း၊ ထိုသို့ သူရဲကောင်းများ မွေးဖွားရာဒေသမှ မိမိတို့ ပြည်သူတစ်ရပ်လုံး၏ကိုယ်စား ပြောကြားလိုသည်မှာ အမှားအမှန် မခွဲခြားနိုင်ဘဲ မတရားပိတ်ဆို့နေသည့် နိုင်ငံကြီးများ၊ ငါ့စကားနွားရ မတရားစွပ်စွဲပုတ်ခတ်နေသော အဖွဲ့အစည်းများ၊ ဘယ်သူသေသေ ငတေမာပြီးရော သဘောဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်နေသည့် ပုဆိန်ရိုးများအားလုံး ရပ်တန်းကရပ်ကြပါ၊ မရပ်လျှင်မူ မကြာမီတွင် ပြည်သူများ၏ ဒဏ်ခတ်မှုကို မလွဲမသွေ ခံရမည်ဖြစ်ကြောင်းကို ရဲရဲကြီး ပြောကြားလိုက်ပါကြောင်း။

"ပြည်တွင်းပြည်ပအဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)

NCGUB သည် နိုင်ငံတကာမျက်နှာစာတွင် ဒီမိုကရေစီရေးတိုက်ပွဲဝင်နေသူအဖြစ် ဟန်ဆောင်မျက်နှာဖုံးတပ်ထား လက်တွေ့မှာ ထောက်ပံ့ငွေနှင့် ရန်ပုံငွေများများရအောင် တောင်းခံကာ ကိုယ်ကျိုးအတွက် သုံးစွဲနေခြင်းဖြစ်

မိမိတို့၏ စစ်ကိုင်းတိုင်းသည် မြန်မာ့သမိုင်းတွင် ကမ္ပည်းတင်လောက်သည့်ဒေသဖြစ်ပြီး တတိယမြန်မာနိုင်ငံကို ထူထောင်ခဲ့သော အလောင်းမင်းတရားကြီး၏ ကုန်းဘောင်ခေတ်တစ်ခေတ်ကို စတင်ထူထောင်ခဲ့ရာဒေသဖြစ်ကြောင်း၊ ပုဂံခေတ်ကစပြီး ကြည့်မည်ဆိုလျှင်လည်း မြောင်မြို့နယ် ပရိမ္မရွာသား ထီးလှိုင်ရှင် ကျန်စစ်သားမင်း၊ မြင်းမူမြို့နယ် နဘဲကြူးရွာသား ပုဂံခေတ်သူရဲကောင်း ငထွေရူး၊ ရွှေဘိုမြို့နယ် မုဆိုးဘိုရွာသား အလောင်းဘုရား ဦးအောင်ဇေယျ၊ ဘုတလင်မြို့နယ် ငပယင်းရွာသား

"ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး" အဆိုနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်ကိုယ်စားလှယ် မုံရွာတက္ကသိုလ် သမိုင်းဌာနမှ ကထိက ဦးကျော်ထွန်း ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

"ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"နှင့် ပတ်သက်၍ စစ်ကိုင်းခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ဗိုလ်မှူး ကိုကိုမြင့်(အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိဂုံးချုပ်အားဖြင့် တင်ပြလိုသည်မှာ ယနေ့မျက်မှောက်ကာလ မြန်မာနိုင်ငံတွင် မည်သည့်ခေတ် မည်သည့်ကာလကမှ မရရှိဖူးသည့် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်မှုများ အခိုင်အမာ ရရှိထားပြီးဖြစ်ကြောင်း။

ထိုအခြေအနေအရပ်ရပ်ကို ပြည်သူလူထုက သိရှိထားပြီးဖြစ်၍ ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ဟူသမျှကို မိမိတို့တစ်မျိုးသားလုံး ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ဝိုင်းဝန်းကာကွယ် တွန်းလှန်သွားကြပါစို့ဟု အလေးအနက်ထား တိုက်တွန်းပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

အဖျက်ဝါဒ

ဆက်လက်၍ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နုနုဝင်းက ဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်နှင့် ပြည်သူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေချိန်တွင် ပုဆိန်ရိုးများသည် ပြည်ပက အဖျက်သမားများနှင့် အချိတ်အဆက်လုပ်ပြီး နိုင်ငံတော်၏ အေးချမ်းတည်ငြိမ်မှုကို ဖျက်ဆီးရန် အမြဲအားထုတ်နေသည်မှာ ဝမ်းနည်းဖွယ်ရာ မြင်တွေ့နေရကြောင်း၊ မိမိတို့ ပြည်သူပြည်သား တိုင်းရင်းသားအားလုံးက အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုလိုလားသော်လည်း ပြည်တွင်း ပြည်ပ အဖျက်သမားများနှင့် ပုဆိန်ရိုးများကမူ အဆိုးမြင်သက်သက် ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် အလုံးစုံပျက်သုဉ်းရေး၊ ဝင်ရောက်စွက်ဖက်နှောင့်ယှက်ရေး၊ အာဏာရရေးတို့အတွက် **"ဘာနဲ့ဖူး သိုက်တူးမည်"** ဆိုသည့် အဖျက်ဝါဒ လက်သုံးစကားအတိုင်း ကျင့်သုံးလျက်ရှိကြောင်း။

ဆက်လက်ပြီး အဖျက်အမှောင့်လုပ်ငန်းများလုပ်နေသည့် NCGUB နှင့် FTUB တို့အကြောင်း တင်ပြရလျှင် မိမိတို့မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကိုကြည့်လျှင် ပြည်ပရောက် NCGUB နှင့် FTUB အဖွဲ့က အနောက်နိုင်ငံသားအချို့နှင့် ပူးပေါင်းပြီး အကွက်ကျကျ စီမံဆောင်ရွက်ခဲ့ကြခြင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ NCGUB သည် နိုင်ငံတကာ မျက်နှာစာတွင် ဒီမိုကရေစီရေး တိုက်ပွဲဝင်နေသူအဖြစ် ဟန်ဆောင်မျက်နှာဖုံး တပ်ထားပြီး လက်တွေ့လုပ်နေသည်မှာ ထောက်ပံ့ငွေနှင့် ရန်ပုံငွေများများရအောင် တောင်းခံကာ ၎င်းတို့ကိုယ်ကျိုးအတွက် သုံးစွဲနေခြင်းဖြစ်ကြောင်း။

သူ့ကိုယ်ကျိုးအတွက် ကမ္ဘာကို လှည့်ဖြားဆောင်ရွက်ရင်း တစ်ဖက်တွင် မြန်မာပြည်သူတစ်ရပ်လုံးအပေါ် အကြမ်းဖက် လုပ်ရပ်များဖြင့် အတိဒုက္ခရောက်အောင် အနောက်အုပ်စု နိုင်ငံကြီးများ၏ ခိုင်းသည်ကို လိုက်လုပ်နေသူများမှာ NCGUB ပင်ဖြစ်ကြောင်း။

ပုဆိန်ရိုးများနှင့် ပြည်တွင်းရေးဝင်စွက်ပြီး လူမဆန်သော အကြမ်းဖက်လုပ်ရပ်များ လုပ်နေသူများကို ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ အမြစ်ပြတ်ရှင်းလင်းသွားကြရန် အလေးအနက် တိုက်တွန်းလိုက်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ယင်းနောက် မုံရွာမြို့မှ မြို့မိမြို့ဖ ဦးဝင်းမြင့်က ဘုတလင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နုနုဝင်းတို့ တင်သွင်းသွားကြသည့် **"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

အစီအစဉ်အရ **"ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** နှင့်ပတ်သက်၍ မုံရွာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်အေးအေးသန်းက ဆွေးနွေးတင်ပြရာတွင် တိုင်းပြည်တွင် ဘေးအန္တရာယ်ကြုံတွေ့တိုင်း နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး သတိထား တွန်းလှန်သွားရမည့် အန္တရာယ်ကြီး သုံးရပ်ရှိကြောင်း၊ ထိုအန္တရာယ်ကြီး သုံးရပ်မှာ—

(၁) ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်

(၂) တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေး ပျက်ပြားမည့်အန္တရာယ်နှင့်

(၃) အချုပ်အခြာအာဏာ ဆုံးရှုံးမည့် အန္တရာယ်တို့ပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ် ရောက်နေချိန်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် အသွင်ကူးပြောင်းရေးအတွက် နိုင်ငံရေးလမ်းစဉ်အဖြစ် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်ခိုင်မာမာချမှတ်ကာ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပထမအဆင့်လည်းဖြစ်၊ အရေးကြီးဆုံးအဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံ ပြန်လည်ကျင်းပရေးကို အောင်အောင်မြင်မြင် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

ပြည်ထောင်စုကြီးမှ ခွဲထွက်မည့်အကြံအစည်ဟူသမျှ လုံးဝလက်မခံ ဒို့တာဝန်အရေး (၃)ပါးထိပါးမည့် ကိစ္စဟူသမျှ လုံးဝဆန့်ကျင်

● စာမျက်နှာ ၁၀ မှ

ဒီမိုကရေစီကျင့်သုံးသည့်နိုင်ငံအဖြစ် ကူးပြောင်းရာတွင် မိမိတို့လူမျိုး၏ ဓလေ့စရိုက်၊ ယဉ်ကျေးမှုနှင့် အံဝင်ခွင်ကျဖြစ်မည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီမျိုး အနေးနှင့်အမြန် ကူးပြောင်းသွားရမည်ဖြစ်ကြောင်း၊ ဤနေရာတွင် ပြည်တွင်းပြည်ပ အနှောင့်အယှက် အဟန့်အတား အဖျက်အဆီးများကိုလည်း ကျော်လွှားနေရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကြီးကို ပြည်ပနိုင်ငံတချို့၊ လက်တစ်ဆုပ်စာလူတစ်စုက လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် အခြားအကြောင်းပြချက်များဖြင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေခြင်းများသည် ၎င်းတို့ လိုလားသည့်ပုံစံနှင့် ရုပ်လုံးပေါ်လာစေရန် ဖိအားပေး အကျပ်ကိုင်နေခြင်းဖြစ်သည်ဆိုသည်မှာ အထင်အရှားတွေ့နေရကြောင်း၊ ထိုသို့ကိုလိုနီနယ်ချဲ့လက်သစ်များ၊ ပြည်ပအားကိုး ပုဆိန်ရိုးများ၊ အမေကျော်ဒွေးတော်လွမ်းသူ များ၊ မင်းသားကြီးမလုပ်ရ၍ ပတ်မကြီးထိုးဖောက်မည့်သူများ၊ အာဏာကို ငမ်းငမ်းတက်ပြီး အတင်းအာဏာလွှဲပြောင်းခိုင်းနေသူများကို ရင်ဆိုင်တွန်းလှန် ကျော်လွှားနေရသည့်အတွက် ဒီမိုကရေစီခရီးသည် နီးလျက်နှင့် ဝေးနေရသည့် အခြေအနေမျိုးဖြစ်နေကြောင်း။

အထက်က မိမိတင်ပြခဲ့သည့် အဖျက်အမှောင့်အုပ်စုများ အနက် ABSDF အကြမ်းဖက် အုပ်စု၊ FTUB အဖျက်သမားအုပ်စုနှင့် NCGUB အမှောင့်အုပ်စုတို့သည် နိုင်ငံတော်အပေါ်နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးနေကြသည်ကို အထင်အရှား တွေ့နေရကြောင်း၊ ၎င်းတို့၏ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လုပ်ရပ်များကို တရားသေဆုပ်ကိုင်ပြီး နိုင်ငံတော်နှင့် ပြည်သူလူထု ပျက်စီးရာပျက်စီးကြောင်းများကို လက်ရဲဇက်ရဲ ဆက်လက်လုပ်ကိုင်နေကြဦးမှာဖြစ်ကြောင်း၊ FTUB ၏ ကလိမ်စွေ့ငြမ်းဆင်ပေးသည့် မမှန်သတင်းများအပေါ် အခြေခံပြီး ILO ခေါ်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ကလည်း ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မိမိတို့ နိုင်ငံတော်အပေါ် ဆုံးဖြတ်ချက်များတစ်ခုပြီးတစ်ခု ချမှတ်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူ ၅၄သန်း၏ အကျိုးကိုမျက်ကွယ်ပြုနေသော ILOအဖွဲ့ကြီးကနေ နုတ်ထွက်ရန်နှင့် ABSDF၊ FTUB၊ NCGUB၊ NLD(LA) အဖွဲ့များကိုလည်း မတရားအသင်းအဖြစ် ကြေညာသွားရန် ဇွန်လ ၂၇ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံနှင့် ဇူလိုင်လ ၃ရက်နေ့တွင်ကျင်းပခဲ့သည့် မြန်မာ အမျိုးသမီးများနေ့ အခမ်းအနားတို့တွင် နိုင်ငံတော်အစိုးရထံ တစ်ခဲနက်ပန်ကြားတောင်းဆိုခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ ယခု လူထုအစည်းအဝေးကလည်း နိုင်ငံတော်အစိုးရအနေဖြင့် သင့်တော်ရာကို ဆုံးဖြတ်သွားမည့် ဆုံးဖြတ်ချက်များအပေါ် မိမိတို့ ပြည်သူတစ်ရပ်လုံးအနေဖြင့် တစ်သဘောတည်းဖြစ်ပါကြောင်းကို ထပ်မံတင်ပြလိုက်ရပါကြောင်း။

အခြေအမြစ်မရှိ

မကြာသေးခင်က ထုတ်ဝေခဲ့သည့် HIV and National Security Where are the Links စာစောင်၏ စာမျက်နှာ(၃၇)နှင့် (၃၈)တွင် အာရှတိုက်နိုင်ငံများအတွင်း ပြန့်ပွားလျက်ရှိသည့် HIV မျိုးကွဲများစွာသည် မြန်မာနိုင်ငံမှ စတင်ဖြစ်ပေါ်ခဲ့ကြောင်း ယုတ္တိမရှိ၊ အခြေအမြစ်မရှိ ရေးသားဖော်ပြထားသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ အနေဖြင့် သမိုင်းအစဉ်အလာ ယဉ်ကျေးမှုအစဉ်အလာနှင့် ဘာသာတရားဆုံးမမှုများကြောင့် ထိုကိစ္စမျိုးကို လက်မခံဘဲ ရှောင်ကြဉ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့အပြင် ယနေ့မျက်မှောက်အခြေအနေတွင်လည်း HIV မပြန့်ပွားရေးအတွက် **အမျိုးသားအဆင့် နည်းဗျူဟာ (၆)ရပ်၊ လုပ်ငန်းစဉ် (၁၀)ရပ်** ချမှတ်ပြီး တစ်နိုင်ငံလုံး ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးအဖွဲ့ပေါင်း ၄၃ ဖွဲ့နှင့် မြန်မာနိုင်ငံအနှံ့အပြား ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHOနှင့် လက်တွဲဆောင်ရွက်မှုများကြောင့် နိုင်ငံတကာမှ အသိအမှတ်ပြုမှုများ ပိုမိုများပြားလာခဲ့ကြောင်း၊ ထိုသို့ပူးပေါင်း ဆောင်ရွက်ခဲ့မှုများကြောင့် UNITO, UNDP တို့မှ မြန်မာ ပြည် ဌာနေကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ ဆောင် ရွက်ချက်များကို ရပ်တည်ထောက်ခံအားပေးခဲ့ကြကြောင်း၊ ထို့အပြင် ဂျနီဗာတွင် ရုံးစိုက်ထားသည့် UNODC အဖွဲ့အစည်းကလည်း ထပ်မံထောက်ခံခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့် အထက်က မိမိတင်ပြခဲ့သည့် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် မိမိတို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ အပါအဝင် အမျိုးသားရေး အင်အားစုများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

လက်တွဲဆောင်ရွက်မည်

ထို့နောက် စစ်ကိုင်းခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ဗိုလ်မှူးကိုကိုမြင့်(အငြိမ်းစား)က ဆက်လက်ဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးသည် တပ်မတော်၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပြည်သူလူထုနှင့် လက်တွဲ ဆောင်ရွက်သွားမည့် အဖွဲ့အစည်းဖြစ်ကြောင်း။

ထို့အပြင် မိမိတို့ လူမှုရေးအသင်းအဖွဲ့အသီးသီးသည် အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပြည့်ဝသော ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများကို နယ်မြေဒေသနှင့် အချိန်ကာလမရွေး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံသားတိုင်းသည် မိမိနိုင်ငံနှင့်ပတ်သက်ပြီး မွေးရာပါတာဝန်အဖြစ်–

(၁) မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရန်တာဝန်နှင့်
(၂) မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် တာဝန်ဆိုပြီး တာဝန်နှစ်ရပ်ရှိကြောင်းကို တင်ပြလိုကြောင်း၊ မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ကို ထမ်းဆောင်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မိမိနှင့်သက်ဆိုင်သည့်ကဏ္ဍမှ ပါဝင်ကာကွယ် စောင့်ရှောက်ရန်ဖြစ်ပြီး မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်တာဝန်မှာ နိုင်ငံတော်၏ အမျိုးသားရေးဦးတည်ချက်(၁၂)ရပ် အကောင်အထည်ပေါ်အောင် ပါဝင်လှုပ်ရှားဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

ဤနေရာတွင် နိုင်ငံတော်၏ အမျိုးသားရေးဦးတည်ချက် (၁၂)ရပ် အကောင်အထည်ပေါ်အောင် ဆောင်ရွက်လိုစိတ်၊ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင် ခံယူစိတ်များသည် သာလျှင် မှန်ကန်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ဖြစ်သည်ကို နိုင်ငံသားတိုင်း အထူးဂရုပြုကြစေလိုပါကြောင်း။

ညှိနှိုင်းဆွေးနွေးနိုင်ခဲ့

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပထမအဆင့် အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ယာယီရပ်ဆိုင်းထားခဲ့သည့် အမျိုးသားညီလာခံကို အောင်မြင်စွာ ပြန်လည်ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများအတွက် အခြေခံရမည့်မူများကို အောင်အောင်မြင်မြင် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် မူဝါဒလုပ်ငန်းစဉ်များနှင့်အညီ အစိုးရ၊ တပ်မတော်၊ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းအားထုတ်ဆောင်ရွက်မှုများကြောင့် ယခုဆိုလျှင် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့မြင်နေကြရပြီး တိုင်းရင်းသား ညီအစ်ကိုများလည်း တိုးတက်မှုအသီးအပွင့်များကို လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

ထိုကဲ့သို့နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာချိန်တွင် အဖျက်အမှောင့်အုပ်စုများကလည်း နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်းဖျက်လိုဖျက်ဆီးလုပ်နေကြသည်များကို ရင်နှင့်ဖွယ်ရာတွေ့မြင်နေကြရကြောင်း။

၂၀၀၅ခုနှစ် ဧပြီလ၁၇ရက်တွင် ပြည်ပြေးစဝ်ခမ်ဖဦးစီးသည့်အဖွဲ့က ပြည်ပတစ်နေရာကနေပြီး ရှမ်းပြည်ယာယီအစိုးရကို ဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်း ကြေညာခဲ့ကြောင်း၊ ထိုဖြစ်ရပ်သည် ယခုမှ ချက်ချင်းပေါ်ပေါက်လာသော သွေးရိုးသားရိုးဖြစ်စဉ်မဟုတ်ဘဲ ပြည်ပအားကိုးပြီး ပြည်ပ၏ ညွှန်ကြားချက်အတိုင်း ရှမ်းတိုင်းရင်းသားများ၏ ဆန္ဒလုံးဝမပါဘဲလုပ်ခဲ့သည့်လုပ်ရပ်ဆိုသည်ကို မိဘပြည်သူများအားလုံးသိမြင်ခဲ့ကြပြီးဖြစ်ကြောင်း။

အလားတူ ရှက်ဆစ်ခေါင်းဆောင်သည့် SSA, SNLD နှင့် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့က မည်ကာမတ္တပြည်ထောင်စုထူထောင်ပြီး တစ်ချိန်ချိန်တွင် ခွဲထွက်လျက် သီးခြားနိုင်ငံထူထောင်ရန် ရည်ရွယ်ချက်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ပြည်ထောင်စုကြီးမှ ခွဲထွက်မည့် အကြံအစည်ဟူသမျှကို လုံးဝလက်မခံပါကြောင်းနှင့် ဒို့တာဝန်အရေး(၃)ပါးကို ထိပါးမည့်အရေးကိစ္စဟူသမျှကို လုံးဝဆန့်ကျင်ပါကြောင်းကို အတိအလင်းအသိပေးလိုပါကြောင်း။

လက်တွဲပူးပေါင်း

အထက်က မိမိတင်ပြခဲ့သည့် မိမိတို့နိုင်ငံအပေါ် ဗိုလ်ကျစိုးမိုးလိုသူများက ကြားခံများအသုံးပြုခြယ်လှယ်ခြင်း (Use of Proxies) မူအရအသုံးချခံဖြစ်နေသည့် အဖျက်အင်အားစု (Destructive Elements) များကို ပြည်ထောင်စုမပြိုကွဲရေးဟူသော မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးဟူသော မျိုးချစ်စိတ်ဓာတ်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော မျိုးချစ်စိတ်ဓာတ်စသည့် မှန်ကန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်များနှင့် မိမိတို့၏ ကာကွယ်ရေးနှင့် တည်ဆောက်ရေးအင်အားစုများ (Constructive Elements)၊ တစ်နည်းအားဖြင့် တစ်နိုင်ငံလုံးရှိ အမျိုးသားရေး အင်အားစုများက ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ ချေမှုန်းတိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်အရေး အောင်မြင်ခိုင်မာစေရန် အတွက် ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန် အဖြစ် ဦးထိပ်ပန်ဆင်ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် တိုင်းရင်းသားပြည်သူအပေါင်းနှင့်အတူ မိမိတို့ လူမှုရေးအသင်းအဖွဲ့များကလည်း လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလေးအနက်ကတိပြုပြောကြားရင်းနိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ကိုယ်စားလှယ် မုံရွာတက္ကသိုလ်သမိုင်းဌာနမှ ကထိက ဦးကျော်ထွန်းက မုံရွာမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း အတွင်းရေးမှူးဒေါ်အေးအေးသန်းနှင့် စစ်ကိုင်းခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ဗိုလ်မှူးကိုကိုမြင့်(အငြိမ်းစား)တို့ တင်သွင်းသွားကြသည့် **"ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော်အေးချမ်း သာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** အဆိုကို လူထု အစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

အတည်ပြု

ယင်းနောက် သဘာပတိက **"ပြည်တွင်း ပြည်ပအဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** အဆိုနှင့် **"ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** အဆိုနှစ်ရပ်ကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် အစည်းအဝေးတက်ရောက်လာကြသူများ၏ သဘောထားရယူပြီး အဆိုနှစ်ရပ်အား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးကို ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ နံနက် ၉ နာရီခွဲတွင်အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဝါတွင်းသီလပေးတရားချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တွင် ၁၃၆၇ခုနှစ် ဝါတွင်းကာလ သီလပေးပွဲနှင့် တရားပွဲများကိုကျင်းပလျက်ရှိရာ ဝါခေါင်လဆန်း ၈ရက်၊ ဩဂုတ် ၁၂ရက်တွင် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းနှင့် (၇)မိုင်ရွာတန်းရှည်ကျောင်းတိုက်တို့မှ ဆရာတော်များ၊ ဝါခေါင်လပြည့်၊ ဩဂုတ် ၁၉ရက်တွင် စံပြသာသနာပြုကျောင်း(ခွဲစုံ)မှ ဆရာတော်များ၊ ဝါခေါင်လပြည့်ကျော် ၈ရက်၊ ဩဂုတ် ၂၇ ရက်တွင် ဝိဇ္ဇောတာရုံစာသင်တိုက်မှ ဆရာတော်များ၊ ဝါခေါင်လကွယ်၊ စက်တင်ဘာ ၂ရက်တွင် ၈မိုင်မစိုးရိမ်စာသင်တိုက်မှ ဆရာတော်များ၊ တော်သလင်းလဆန်း ၈ရက်၊ စက်တင်ဘာ ၁၀ရက်တွင် ကလေးဝတောရစာသင်တိုက်မှ ဆရာတော်များ၊ တော်သလင်းလပြည့်၊ စက်တင်ဘာ ၁၇ရက်တွင် ကန်ဦးဇေတဝန်စာသင်တိုက်မှ ဆရာတော်များ၊ တော်သလင်းလပြည့်ကျော် ၈ရက်၊ စက်တင်ဘာ ၂၅ ရက်တွင် တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်မှ ဆရာတော်များ၊တော်သလင်းလကွယ်၊ အောက်တိုဘာ ၂ရက်တွင် ရေကူးကျောင်းသစ်မှ ဆရာတော်များ၊ သီတင်းကျွတ်လဆန်း ၈ရက်၊ အောက်တိုဘာ ၁၀ရက်တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်နှင့် မဟာဂန္ဓာရုံစာသင်တိုက်(ရွှေကျင်)တို့မှ ဆရာတော်များ၊ သီတင်းကျွတ်လပြည့်၊ အောက်တိုဘာ ၁၇ရက်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် မန္တလေး မစိုးရိမ်ကျောင်းတိုက်(၉)ရပ်ကွက်တို့မှ ဆရာတော်များက သီလတော်များနှင့် တရားတော်များကို ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆–၈–၂၀၀၅ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ရေနွေးငွေ့သုံး ဆန်အရောင်တင်စက်
၇း၃၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၅	မိုးလေဝသအခြေအနေ
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	Star Album (5)
၈း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	သံချည်သံကွေးအတတ်ပညာ အပိုင်း(၂)
၈း၄၅	ပြည်တွင်းသတင်းအကျဉ်း
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	သီးနှံရောဂါများကို ထိရောက်စွာ ကာကွယ်နှိမ်နင်းနည်းများ
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	နေသားတကျအရေပြားအလှ (အသားအရေထိန်းသိမ်းခြင်း)
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅	မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းနှင့် တရုတ်နိုင်ငံ စီချွမ်ပြည်နယ်အသင်းတို့၏ အမျိုးသားချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	ရန်ကုန်ထရန်စဖော်မာ
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်) အဆောက်အအုံ တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၂၃ရက်က ကျင်းပရာ ဦးရွှေတင်အောင်–ဒေါ်ဖြူနုမိသားစု(အောင်သစ္စာ အိမ်ဆောက်ပစ္စည်းနှင့် Aung Thit Sar Express) **တို့က အလှူငွေကျပ်ငါးသိန်းကို အသင်းနာယက ဦးအောင်သိန်း၊ ဥက္ကဋ္ဌ ဗိုလ်မှူးအောင်စိန်(ငြိမ်း)နှင့် အမှုဆောင်များထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

မန္တလေးမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၅

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် တိုက်ကြီးမြို့နယ် တောင်လှိုင်ကြိုးဝိုင်း အကွက်အမှတ်(၂၄)၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနတို့မှ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာကိုးရွာတို့မှ ပြည်သူအင်အား ၇၀၀ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့က ပျိုးပင်များကို တက်ရောက်လာကြသည့် ပြည်သူလူထုအား ဖြန့်ဝေပေးကြပြီး ကျွန်းပင် ၃၆၀၀ကို အမှတ်တရ စိုက်ပျိုးပေးကြရာ ဝန်ကြီးက လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်တိုင်း သစ်တောဦးစီးဌာန တိုက်ကြီးမြို့နယ် စံပြကျွန်းစိုက်ခင်း (၂၀၀၅-၂၀၀၆) ဧရိယာ နှစ်ဧကအတွင်း သုတေသနအနေဖြင့် ကျွန်းနှင့် အခြားသီးနှံများ ရောနှောစိုက်ပျိုး ဖြစ်ထွန်းနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာန လသာကုန်း အမြဲတမ်းပျိုးဥယျာဉ်သို့ ရောက်ရှိရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းတို့က သစ်တောလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာနသို့ ရောက်ရှိရာ သင်တန်းကျောင်းအုပ်ကြီး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြကြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ဖြည့်စွက်တင်ပြ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် ဌာနအတွင်းရှိ စာသင်ခန်းများနှင့် အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တိုက်ကြီးမြို့နယ် တောင်လှိုင်ကြိုးဝိုင်း အကွက်အမှတ်(၂၄)၌ ပြုလုပ်သော ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲတွင် ကျွန်းပင်ကို အမှတ်တရစိုက်ပျိုးပေးစဉ်။
(သစ်တောရေးရာ)

မင်္ဂလာမဟာစည် ဝါတွင်းတရားပွဲများ

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သဃ်နျးကျွန်းကြီးကျေးရွာအုပ်စု အမှတ်(၃) လမ်းမကြီးဘေးရှိ မင်္ဂလာမဟာစည်သာသနာ့ရိပ်သာတွင် ဝါတွင်းကာလ လစဉ်(၁၀)ရက်တရားစခန်းပွဲများကို ဩဂုတ် ၁၀ရက်မှ ၁၉ရက်အထိ၊ စက်တင်ဘာ ၈ရက်မှ ၁၇ရက်အထိ၊ အောက်တိုဘာ ၈ရက်မှ ၁၇ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ယင်းတရားပွဲများတွင် ပဓာနကမ္မဋ္ဌာနာစရိယဆရာတော် ဦးအာစာရနှင့် တပည့်သံဃာတော်များက ဝိပဿနာတရားများကို ဟောကြားပြသမည်ဖြစ်ရာ အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ မည်သူမဆို လာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့ ပူးပေါင်းစီစဉ်သော ဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူး၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် စာသင်ခန်းမဆောင်(၁)၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာန ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဦးစောကျော်မင်း၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ထန်းတပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဦးစောကျော်မင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာန ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက ဟောပြောပွဲ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်များ အဖွဲ့ဝင် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခ (အငြိမ်းစား) စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းနှင့် ပရိသတ်များအား မိတ်ဆက်ပေး၍ ဒေါက်တာမတင်ဝင်းက **"ရှေးဟောင်းတက္ကသိုလ်များမှ ဆင်းသက်လာသော ကောင်းမြတ်သည့် အစဉ်အလာ"** ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် ထန်းတပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမြသာက ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် ပညာရေးမိသားစုများ၏ အမျိုးသမီးရေးရာ အဖွဲ့ဝင် အသိအမှတ်ပြု ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးသိန်းဝင်းထံ ပေးအပ်သည်။

ဆက်လက်၍ ဟောပြောပို့ချပေးသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်များအဖွဲ့ဝင် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခ (အငြိမ်းစား) စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းအား ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် သတ္တဗေဒဌာန ပါမောက္ခဌာနမှူး ဒေါ်သင်းသင်းနိုင်က အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဦးစောကျော်မင်းက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူး၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ဟောပြောပွဲအခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဦးစောကျော်မင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။
(သတင်းစဉ်)

အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၅

အင်းစိန်မြို့ ကျက်သရေဆောင် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး အာရုံခံတန်ဆောင်းကြီး ပြုပြင်ရန်နှင့် ဘက်စုံတည်ဆောက်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်ပွဲကို အင်းစိန်မြို့သစ် (က+ခ)ရပ်ကွက် က-၃လမ်းရှိ အဆိုပါ ဘုရားကြီးရင်ပြင်တော်၌ ဩဂုတ် ၂၀ ရက် (စနေနေ့) နံနက်တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ရွာမစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ ဖုန်း-၆၄၅၅၅၅၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်သူ ဖုန်း-၆၄၂၂၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့် ဖုန်း-၆၄၂၁၆၄၊ အတွင်းရေးမှူး ဦးနိုင်အောင် ဖုန်း-၆၄၀၃၁၁ နှင့် ဘဏ္ဍာရေးမှူး ဦးဝင်းလှိုင် ဖုန်း-၆၄၂၁၁၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၆၁)

ဒဂုံ(တောင်) စက်မှုဇုန်(၃) သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃) စက်မှုဇုန်အတွင်း သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါများ ကင်းရှင်းစေရေးအတွက် ဩဂုတ် ၁ရက်က ဇုန်(၃) စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်၏ ကြီးကြပ်မှုဖြင့် သာယာစည်းကမ်းအဖွဲ့ခေါင်းဆောင် (U.C.M) မော်တော်ယာဉ်ထုတ်လုပ်ရေး ဦးချစ်မောင် ဦးဆောင်၍ ရေနုတ်မြောင်းများမှ ရွှံ့ညွှန်များ၊ အမှိုက်များကို လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ဇုန်(၃)ပိုင် အမှိုက်သိမ်းယာဉ်များဖြင့် ဆောင်ရွက်ကြသည်။ **(ဝဲပုံ)**

(မြို့နယ်ပြန်/ဆက်)

ပြွန်တန်ဆာမြို့နေ ဒေါ်လှကျင် မိသားစုက အလှူငွေ ကျပ်တစ် သိန်း ကို ဖြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿန ၂လမ်း ၁၆/၂ ရပ်ကွက် သဃ်နျးကျွန်း မြို့နယ်ရှိ နာရေး ကူညီမှုအသင်း(ရန်ကုန်) သို့လှူဒါန်းရာ တွဲဖက် အတွင်းရေးမှူး(၂)ဦးဝင်းနိုင် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

အေးသာယာစက်မှုဇုန် သံရည်ကျိုစက်ရုံ စတင်လည်ပတ် ဖလိုင်းဝှီးများ၊ ဘရိတ်ဒရမ်များ ထုတ်လုပ်လျက်ရှိ

ရန်ကုန် ဩဂုတ် ၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်သို့ ရောက်ရှိပြီး စက်မှုဇုန် အစည်းအဝေးခန်းမ၌ကျင်းပသော သံရည်ကျိုစက်ရုံ အမှုဆောင် ဒါရိုက်တာအဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးက စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နိုင်ငံတော်က နိုင်ငံခြားငွေ အကုန်အကျခံပြီး မတည်ရင်းနှီးပေးထားခြင်း ဖြစ်သကဲ့သို့ ဒေသခံစက်မှုလုပ်ငန်းရှင်များအနေဖြင့်လည်း အစုရှယ်ယာများ ထည့်ဝင်ကာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးအမြတ်များ ရရှိလာတော့မှာဖြစ်ကြောင်း၊ စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ပြီဖြစ်သကဲ့သို့ ကုန်ကြမ်းများကိုလည်း ကြိုတင်စုဆောင်းထားရှိရန် လိုကြောင်း၊ မိမိစက်ရုံ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာရမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပဈေးကွက်ရှာဖွေပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားရမှာဖြစ်ကြောင်း၊ ငွေကြေးသုံးစွဲရာတွင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲပြီး စာရင်းစစ်အဖွဲ့ဖြင့် စစ်ဆေးရန်၊ သင်းဖွဲ့စည်းမျဉ်းစည်းကမ်းများကို အမြန်ဆုံးရေးဆွဲရန်နှင့် စက်ရုံချောမွေ့စွာ လည်ပတ်ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် အသေးစိတ် မှာကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် သံရည်ကျိုစက်ရုံ စတင်လည်ပတ်ထုတ်လုပ်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးသံဆင်မြင့်က လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ သံရည်ကျိုစက်ရုံကို ဩဂုတ် ၁ရက်တွင် စတင်လည်ပတ်နိုင်ခဲ့ပြီး ဖလိုင်းဝှီးများ၊ ဘရိတ်ဒရမ်များကို စတင်ထုတ်လုပ်လျက်ရှိသည်။ ယခုအခါ ဒေသခံလုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနများမှ အပ်နှံထားသော ပစ္စည်းအမျိုးမျိုးတို့ကို လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရွှေညောင်မြို့ စက်သုံးဆီအရောင်းဆိုင် (၀၇၀၁) သို့ ရောက်ရှိပြီး စက်သုံးဆီဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စက်သုံးဆီ ချိန်တွယ်မှု မှန်ကန်စေရေး၊ ပြည်သူလူထုနှင့်ဆက်ဆံရေး အဆင်ပြေချောမွေ့စေရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်မှ ထုတ်လုပ်သော ဖလိုင်းဝှီးများ၊ ဘရိတ်ဒရမ်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲကို သထုံလမ်း တက္ကသိုလ်များဘောလုံးကွင်းတွင် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၃ ရက်အထိ ကျင်းပရာ အကြီးတန်း ပထမဆု ပူးတွဲရရှိသွားသော အနီနှင့် အပြာအသင်းအား ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေလှရီ ဒိုင်းဆုချီးမြှင့်စဉ်။

(က-ပ)

ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဩဂုတ် ၅

စမ်းချောင်းမြို့နယ် ပန်းလှိုင်ရပ်ကွက် ပုညာရာမကျောင်းတိုက်တွင် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ၊ ဃောသိတာရာမ ထားဝယ်ဆရာတော်ကြီးအား အမှူးပြု၍ရန်ကုန်မြို့ရှိ ကျောင်းပေါင်း ၃၉တိုက်မှ ဝါဆိုသံဃာတော်များအား စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ရဋ္ဌပါလသာသနာ့ရိပ်သာ ဩဂုတ် ၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။ (က-ပ)

ဘုရားဖြူဝိနည်းစာပြန်ပွဲ ဝင်ခွင့်ပုံစံထုတ်ယူနိုင်

ရန်ကုန် ဩဂုတ် ၅

ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြီးမှူးသော ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း၏ (၇၄)ကြိမ်မြောက် ဝိနည်းစာပြန်ပွဲ ဝင်ရောက်ဖြေဆိုကြမည့် ရန်ကုန်တိုင်းအတွင်း ဝါကပ်တော်မူကြသော သံဃာတော်များ၊ သာမဏေများသည် စာချတန်း၊ အကြီးတန်း၊ အငယ်တန်း၊ မူလတန်းဝင်ခွင့်ပုံစံများကို ဩဂုတ် ၆ရက်မှစတင်၍ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် အသင်းရုံးခန်းတွင် မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအတွင်း ကြွရောက်ထုတ်ယူနိုင်ပြီဖြစ်သည်။ ဘုရားဖြူ အကြီးတန်းအောင်မြင်ပြီးသော စာချတန်းဝင် အရှင်သူမြတ်များအား အောင်မြင်သည့် ဝိနည်းတစ်ကျမ်းချင်းအလိုက် ဆုဆက်ကပ်မည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ပဉ္စမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေလှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံး အမှတ်(၄၉/၅၁) ဗဟန်းလမ်းမကြီး (ဗဟန်း ၃လမ်းမှတ်တိုင်အနီး) ဖုန်း-၀၉-၉၀၄၂၃၄၃ နှင့် ဒေါ်အောင်ကြည် ဒုတိယညွှန်ကြားရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာန ဖုန်း-၆၆၅၃၆၀သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် ၂၀၀၅ ခုနှစ် မေ ၁ရက်မှစ၍ ယနေ့အထိလှူဒါန်းခဲ့သော အလှူရှင်များအား ဖိတ်စာများပေးပို့မည်ဖြစ်ပြီး မရရှိပါက ကော်မတီရုံးသို့ အကြောင်းကြား၍ ဖိတ်စာများရယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်း

ရန်ကုန် ဩဂုတ် ၅

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့ ရွှေကျောင်းမိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၃၂၀) ဓမ္မရိပ်သာတွင် ဩဂုတ် ၂၂ ရက်မှ ဩဂုတ် ၂၈ရက်အထိ မိုးကုတ်ဝိပဿနာအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရွှေပေါက်ကံ မြတ်ဓမ္မရိပ်သာကျောင်း ဆရာတော် ဦးသံဝရ(ဓမ္မာစရိယ) မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိကနှင့် ဦးဝါသေဋ္ဌ (ရွှေကြက်ယက်ကျောင်း ထောက်ကြန့်)တို့က ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါး တရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာဟော်ကီအဖွဲ့ ဘင်္ဂလားဒေ့ရှ်သို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် ဒုတိယဥက္ကဋ္ဌနှင့် ပြည်တွင်း၊ ပြည်ပရေးရာတာဝန်ခံ ဦးကျော်နိုင်တို့ပါဝင်သည့် မြန်မာနိုင်ငံဟော်ကီ အဖွဲ့ချုပ်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ယာပုံ)**

ပါဝင်ယှဉ်ပြိုင်

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ရှိနေစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံအားကစားဝန်ကြီး၊ ဘင်္ဂလားဒေ့ရှ်ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ BKSP ကျောင်းအုပ်ကြီးတို့နှင့် တွေ့ဆုံပြီး မြန်မာဟော်ကီ အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အကူအညီဖြင့် မြက်ခင်းတုဟော်ကီကွင်း တည်ဆောက်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပူးတွဲလေ့ကျင့်လျက်ရှိသော အသက်(၁၈)နှစ်အောက် မြန်မာ့လူငယ်လက်ရွေးစင်ဟော်ကီအသင်း ပါဝင်ယှဉ်ပြိုင်မည့်ပြိုင်ပွဲကို ကြည့်ရှုအားပေးမည်ဖြစ်သည်။ (သတင်းစဉ်)

သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

ရန်ကုန် ဩဂုတ် ၅

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲတိုင်းထွာချက်အရ ဘားအံမြို့၌ ၇၃၄ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းရရှိသည်။ (သတင်းစဉ်)

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်

ရန်ကုန် ဩဂုတ် ၅

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၀၈၅စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၈-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ ဘော်ဘင်ရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂:၃၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း-၂၆)**
၁:၁၅ ၇။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁:၂၀ ၈။ **လောကနီတိ(၂) "မိတ်ကောင်းဖော်မွန်" (ကိုကိုလင်းမောင်၊ မျိုးသန္တာထွန်း၊ ခင်လှိုင်၊ ချစ်စရာ) [ဒါရိုက်တာ-ခင်ဇော်]**
၂:၀၅ ၉။ အကပြိုင်ပွဲ
၂:၁၀ ၁၀။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကြိုးစားလေ့ကျင့်ပြေးခုန်ပစ်
၂:၂၀ ၁၁။ အဆိုပြိုင်ပွဲ
၂:၂၅ ၁၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၄၀ ၁၃။ ရွှေလီတံတား
၂:၄၅ ၁၄။ International News.
၃:၀၀ ၁၅။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ EnglishForEverydayUse.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)**
၅:၁၅ ၆။ နားဝင်ပီယံသူ့လက်သံ
၅:၂၅ ၇။ **၂၀၀၅ခုနှစ်၊ တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (ဝါသနာရှင်အဆင့်) (အမျိုးသား/အမျိုးသမီး)**
၅:၃၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၄၅ ၉။ တေးဂီတအစီအစဉ်
၅:၅၅ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
၆:၂၀ ၁၁။ တေးဂီတအစီအစဉ်
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ" (အပိုင်း-၄၅)**
၇:၃၅ ၁၅။ တေးဂီတအစီအစဉ်
၇:၄၅ ၁၆။ မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများ
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၆၄)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ပဲခူးတိုင်း ရော်ဘာစိုက်ဧက တစ်သိန်း ပြည့်မီစေရန် သုံးနှစ်အတွင်း စိုက်ဧက ၆၀၀၀၀ ကျော် တိုးချဲ့မည့် ပုဂ္ဂလိကများအား လွတ်လပ်စွာ စိုက်ပျိုးရောင်းချခွင့်ပေးထား

ရန်ကုန် ဩဂုတ် ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ပဲခူးတိုင်းအတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်စီမံပေးရန် ဩဂုတ် ၄ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းအကြားရှိ ဝမ်းဘောဒတ်တံတားသို့ ရောက်ရှိကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ပဲခူးမြို့နယ် အင်းတကော်ကျေးရွာအနီးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အင်းတကော်သုတေသနနှင့် မျိုးပွားခြံသို့ ရောက်ရှိရာ ခြံမန်နေဂျာ ဦးလှမိုးအောင်က သုတေသနနှင့် မျိုးပွားခြံ၏ တည်နေရာနှင့်အကျယ်အဝန်း၊ မြေအသုံးချမှု၊ ဝန်ထမ်းအင်အားအခြေအနေ၊ ဆောင်ရွက်လျက်ရှိသော ပျိုးခင်းလုပ်ငန်း၊ ရော်ဘာပြန်စိုက်လုပ်ငန်း၊ ရော်ဘာပင်ပျို ထိန်းသိမ်းလုပ်ငန်းနှင့် ရော်ဘာအစေးလှီး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးယုတင်က မြန်မာ–တရုတ် ချစ်ကြည်ရေး ရော်ဘာပျိုးခင်းလုပ်ငန်း ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးမြင့်စိုးက ပဲခူးတိုင်းအတွင်းလက်ရှိ ရော်ဘာပင်ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးထားရှိမှု၊ ပဲခူးတိုင်းတွင် ရော်ဘာစိုက်ဧကတစ်သိန်း ပြည့်မီစေရန် သုံးနှစ်အတွင်း ရော်ဘာစိုက်ဧက ၆၀၀၀၀ တိုးချဲ့စိုက်ပျိုးရန် စီမံဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးမြို့နယ် အင်းတကော် သုတေသနနှင့်မျိုးပွားခြံ မြန်မာ–တရုတ် ချစ်ကြည်ရေး ရော်ဘာပျိုးခင်းလုပ်ငန်းရှိ လက်ခံပင် ရော်ဘာပျိုးခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၅

၂၀၀၅ ခုနှစ် ဇူလိုင် ၂၆ရက်တွင် ဖြစ်ပွားခဲ့သော ရေကြီးမှုကြောင့် အိန္ဒိယသမ္မတနိုင်ငံ မဟာရာရှ်တြားပြည်နယ်၌ လူနှင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်း ဆင်းထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ပထမဆုရ ချစ်ဦး(ဧရာဝတီတိုင်း)အား ဆုကြေးငွေကျပ် ၁၀ သိန်း ချီးမြှင့်စဉ်။ (ကြေးမုံ)

သုံးမျိုးစုံအားကစားပြိုင်ပွဲ ဧရာဝတီတိုင်းမှ ချစ်ဦး ပိုလ်စွဲ အရှေ့တောင်အာရှပွဲအတွက် ပဏာမ ၁၀ဦး ရွေးချယ်

ရန်ကုန် ဩဂုတ် ၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ဒုတိယအကြိမ် သုံးမျိုးစုံ Triathlon အားကစားပြိုင်ပွဲနှင့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လူရွေးပွဲကို ယနေ့နံနက် ၇နာရီမှစ၍ ကန်တော်ကြီးတွင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်အားပေးပြီး ပြိုင်ပွဲကို သေနတ်ပစ်ဖောက် ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲဝင် အားကစားသမား ၂၈ဦးသည် မီတာ ၁၅၀၀ ရေကူးပြိုင်ပွဲကို ကန်တော်ကြီးတွင် စတင်ယှဉ်ပြိုင်ကူးခတ်ကြပြီး ကီလိုမီတာ ၄၀ စက်ဘီးပြိုင်ပွဲကို ကန်တော်ကြီး တင့်ကားကုန်းမှ စတင်တာထွက်သည်။ ကန်တော်ကြီး ညာပတ်လမ်း၊ ဗဟန်းအဝိုင်းမှ ကမ္ဘာအေးဘုရားလမ်းအတိုင်း၊ ရှစ်မိုင်လမ်းဆုံမှ ပြည်လမ်းအတိုင်း စီးနင်းပြီး ပြန်လှည့်ကာ နဝဒေးရုပ်ရှင်ရုံရှေ့အထိ စီးနင်းကြသည်။ ၁၀ ကီလိုမီတာ အပြေးပြိုင်ပွဲကို နဝဒေးရုပ်ရှင်ရုံရှေ့မှ ကမ္ဘာအေးဘုရားလမ်းအတိုင်း မြေပဒေသာကျွန်းညာပတ်လမ်းမှ ဗိုလ်ချုပ်ကြေးရုပ်ရှေ့ဖြတ်၍ အထက(၁) တာမွေရှေ့ ကရဝိက်ဥယျာဉ်ဂိတ်(၂)မှ ပြန်လည်ဝင်ရောက်ပြီး ကရဝိက်နန်းတော်ရှေ့တွင် ပန်းဝင်ကြသည်။ အဆိုပါ ရေကူး၊ စက်ဘီး၊ အပြေးပြိုင်ပွဲသုံးခုကို တစ်ဆက်တည်း မရပ်မနား ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် ချစ်ဦး(ဧရာဝတီတိုင်း)က ၂နာရီ၊ ၁၉မိနစ်၊ ၃၆ဒသမ ၈စက္ကန့်ဖြင့် ပထမ၊ မင်းဇော်(မန္တလေးတိုင်း)က ၂နာရီ၊ ၂၂မိနစ်၊ ၁၁ဒသမ ၁စက္ကန့်ဖြင့် ဒုတိယ၊ မောင်မောင်နေယု(ရန်ကုန်တိုင်းစစ်ဌာနချုပ်)က ၂နာရီ၊ ၂၅မိနစ်၊ ၀၉ဒသမ ၁ စက္ကန့်ဖြင့် တတိယ၊ သက်ပိုင်တိုး(အား/ကာသိပ္ပံ)က ၂နာရီ၊ ၂၆မိနစ်၊ ၀၂ဒသမ ၁စက္ကန့်ဖြင့် စတုတ္ထ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✦

အာဆီယံ ယူ–၂၀ ဘောလုံးပြိုင်ပွဲ

မြန်မာက ဘရူနိုင်းကို သုံးဂိုး – ဂိုးမရှိဖြင့် နိုင်

ရန်ကုန် ဩဂုတ် ၅

၂၀၀၅ခုနှစ် အာဆီယံ အသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲ (AFF ˚U- 20 Youth Championship 2005)ကို ယနေ့ ဒေသစံတော်ချိန် ညနေ ၆နာရီ ၄၅မိနစ်တွင် အင်ဒိုနီးရှားနိုင်ငံ PALEMBANG ၌ ကျင်းပသည်။

(က)အုပ်စုမှ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့် ဘရူနိုင်းနိုင်ငံ လူငယ်လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်လက်ရွေးစင်အသင်းက သုံးဂိုး–ဂိုးမရှိဖြင့် ပွဲဦးထွက် အနိုင်ရရှိသွားသည်။

မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၂၆မိနစ်တွင် အောင်မိုးက ပထမဂိုးကိုလည်းကောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍